# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၁၀၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအထူးအစည်းအဝေးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအထူးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြား

## လက်ဖက်နှင့် ကော်ဖီကို နာဂဒေသ၏ အဓိကထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၆

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထူးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐



ယနေ့ *ဖတ်စရာ*

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲတက်ရောက်**
ပြည်တွင်းသတင်း စာ ၇

**မြိတ်မြို့၌ ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်လျက်ရှိ**
စီးပွားရေးသတင်းများ စာ ၁၄

**စာဟောင်းပေကောင်း အစုအဆောင်း သိမ်းသည်းဆ**
ဆောင်းပါး စာ ၂၂

# စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖော်ဆောင်ရေး

အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟူသော ရှေ့လုပ်ငန်းစဉ်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမကျင်းပမီ၊ ကျင်းပဆဲနှင့် ကျင်းပပြီးနောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေအရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အာဏာကိုရယူပြီး ဒီမိုကရေစီစနစ်ကို ဖျက်ဆီးလိုက်ခြင်းမဟုတ်ဘဲ ဒီမိုကရေစီစနစ် ယိုယွင်းပျက်စီးသွားစေမည့် အခြေအနေတစ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းကာ ပြန်လည်တည့်မတ်ရန် ဆောင်ရွက်ရခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီဟူ၍ နှုတ်မှတဖွဖွ မည်မျှပင်ရေရွတ်နေစေကာမူ စစ်မှန်ခြင်းမရှိသော ဟန်ပြဒီမိုကရေစီ၊ စည်းမဲ့ကမ်းမဲ့ ဒီမိုကရေစီများလည်းရှိနေပြီး အများကြိုက်ဟန်ဆောင်ဖုံးကွယ်ထားခြင်းဖြင့် ဒီမိုကရေစီစနစ်ပျက်စီးကျဆုံးနေသော နိုင်ငံများ ကမ္ဘာတွင် အများအပြားရှိနေကြသည်။ ဒီမိုကရေစီသည် ယိုယွင်းပျက်စီးတတ်သောသဘောရှိပြီး လူထုအကြိုက် နိုင်ငံရေးခေါင်းဆောင်များကပင် ဒီမိုကရေစီပျက်စီးယိုယွင်းမှု၏ လက်သည်များဖြစ်သည့်အလျောက် ၎င်းကို ထောက်ခံသူ၊ ကြိုက်နှစ်သက်သူ လူထုက ဒီမိုကရေစီပျက်စီးယိုယွင်းမှုကို မြင်နိုင်စွမ်းမရှိကြကြောင်း နိုင်ငံရေးပညာရှင်များက ဆိုမိန့်သည်။

ကမ္ဘာ့နိုင်ငံများ၌ စစ်ဘက်မှ နိုင်ငံအာဏာသိမ်းသည့် ဖြစ်ရပ်များတွင် ဒီမိုကရေစီစနစ်ကျဆုံးသွားသည့် သရုပ်သကန်များကို ပီပြင်စွာ မြင်တွေ့ကြရသော်လည်း လူထုအကြိုက် နိုင်ငံရေးခေါင်းဆောင်များကြောင့် ဒီမိုကရေစီစနစ် ကျဆုံးမှုများတွင်မူ ဒီမိုကရေစီ၏ အပေါ်ယံသွင်ပြင်လက္ခဏာများ ဆက်လက်တည်ရှိနေကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မပျက်မယွင်းရှိနေပြီး ရွေးကောက်ပွဲများလည်း အချိန်မှန်မှန်ဖြစ်နေသည်။ လမ်းပေါ်ဆန္ဒပြမှုများနှင့် အကြမ်းဖက် အဓိကရုဏ်းများလည်းမရှိ။ အစိုးရက ပြုလုပ်သည့် ဒီမိုကရေစီစနစ်ကို ယိုယွင်းစေသည့် လုပ်ရပ်များသည်ပင်လျှင် တရားဝင်မှု၊ တရားမျှတမှုတို့ ရှိနေသည်ဟု လက်ခံကြသည်။ လူအများက ဒီမိုကရေစီစနစ် တည်တံ့ခိုင်မြဲနေသည်ဟု ယုံကြည်နေကြသည့်တိုင် ဒီမိုကရေစီစနစ် ယိုယွင်းပျက်စီးနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပြီး ပြည်သူလူထု ရွေးကောက်တင်မြှောက်သည့် အစိုးရနှစ်ရပ် ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီစနစ် ကျင့်သုံးမှုသက်တမ်းနုနယ်သေးသည်နှင့်အမျှ နိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မြဲရန်မှာ နိုင်ငံကို ဦးဆောင်ကြမည့် နိုင်ငံရေးခေါင်းဆောင်များ၏ စိတ်စေတနာ၊ အမြော်အမြင်၊ ဆင်ခြင်တုံတရားနှင့် ဉာဏ်ပညာတို့အပေါ်တွင် အဓိကတည်မှီနေသကဲ့သို့ ပြည်သူလူထုအပေါ်တွင်လည်း အခြေခံသည့်အလျောက် နိုင်ငံတော်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးတွင် မိမိတို့၏ ကာယ၊ ဉာဏ စွမ်းအားများဖြင့် ပါဝင်ကြရမည်ဖြစ်ပါကြောင်း။ ။







## ဗဟိုအဆင့်မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (Software) အသုံးပြုနည်း သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

**ဗဟိုအဆင့်မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အမှတ် ( ၃ ) စစ်ကြောရေးနှင့် တည်းခိုရေးတပ် ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပါမောက္ခချုပ်နှင့် ပါမောက္ခ ဆရာ ဆရာမများ၊ နည်းပြများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

**လုံခြုံရေးအလေးထား**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ဗဟိုအဆင့်မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်တွင် မြို့နယ်၊ ခရိုင်၊ တိုင်း/ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတို့က သက်ဆိုင်ရာ အဆင့်အလိုက် ကိုင်တွယ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စနစ်ကိုအသုံးပြုရာတွင် ကော်မရှင်၏ သီးခြားကွန်ရက်မှသာ ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာအဆင့်ကိုသာ အသုံးပြုနိုင်အောင် ရေးဆွဲထားသည့်အတွက် လုံခြုံရေး( Cyber Security ) အပိုင်းကိုလည်း အလေးထားဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရသည့် ရွေးကောက်ပွဲအကြိုကာလ၌ ရွေးကောက်ပွဲစနစ်များ သတ်မှတ်ခြင်း၊ မဲဆန္ဒနယ်များ ခွဲဝေသတ်မှတ်ခြင်း၊ နိုင်ငံရေးပါတီများ ဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေး ထိန်းသိမ်း ဆောင်ရွက်ခြင်း၊ မဲစာရင်းများပြုစုခြင်း စသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အကြိုလုပ်ငန်းစဉ်များ၌ မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းသည် အလွန်ပင်အရေးကြီးသကဲ့သို့ လုပ်ငန်းပမာဏအနေဖြင့်လည်း ကြီးမားပါကြောင်း။

**နည်းပညာအကူအညီရယူ**

လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ မဲစာရင်းများ မှန်ကန်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ မှန်ကန်ရေးအတွက် ကော်မရှင်အဖွဲ့ဝင်များ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသို့ သွားရောက်၍ နယ်မြေကွင်းဆင်းကာ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါကြောင်း၊ မဲစာရင်းများ ပြုစုရာတွင် ကွန်ပျူတာနည်းပညာအကူအညီ ရယူဆောင်ရွက်ခြင်းဖြင့် ပိုမိုလွယ်ကူမှန်ကန်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါစနစ်တွင် မိမိမြို့နယ်အတွင်း၊ ခရိုင်အတွင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း၊ ပြည်ထောင်စု နယ်မြေအတွင်း ကော်မရှင် ရုံးချုပ်အနေနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် စာရင်းများကြည့်ရှုခြင်း၊ မဲဆန္ဒရှင်အမျိုးအစားအလိုက်၊ မသန်စွမ်းအမျိုးအစားအလိုက်၊ တိုင်းရင်းသားလူမျိုးအလိုက်နှင့် ဇယားပုံစံ အမျိုးအစားအလိုက် မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံများအဆင့်အထိ အသေးစိတ်ကြည့်ရှုနိုင်ခြင်း၊ လူစာရင်း ထပ်/မထပ် စစ်ဆေးခြင်း စသည့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဆင့်များက ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စနစ်ကို အသုံးပြုခြင်းအားဖြင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်အဆင့်အနေနှင့် မိမိကွပ်ကဲမှုအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုသိရှိကာ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နိုင်သည့် အကျိုးကျေးဇူးများကို ရရှိကြမည်ဖြစ်သည်။

**ဖွင့်လှစ်ပို့ချသွားမည်**

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ ၁၅၀ တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ ဇန်နဝါရီ ၂၀ ရက်အထိ ဖွင့်လှစ် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“PDF အမည်ခံ အကြမ်းဖက်သမားများက ပုလဲမြို့နယ် ဇီးဖြူကုန်း ကျေးရွာအတွင်းသို့ Drop Bomb များ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်သုံးဦး အပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် အသက် ၆ နှစ်အရွယ် ကလေးငယ်အပါအဝင် မိသားစုဝင် ရှစ်ဦးသေဆုံးခဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ ဒေသအဆင့် ဌာနဆိုင်ရာများကိုယ်စား ဒေသအုပ်ချုပ်ရေးမှူး ဦးနေမင်းသူက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်းက လက်ခံရယူစဉ်။

# ၂၀၂၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အမီ ချင်းတွင်းမြစ်ကူး ထမံသီ တံတားပြီးစီးရေးနှင့် ထမံသီအထိ ကတ္တရာလမ်းခင်းကျင်းပေးနိုင်ရေး ရည်မှန်းချက်ထား ကြိုးစားဆောင်ရွက်သွားမည်

❐ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်တို့မှ ဒေသနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှုနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်သည်များကို တင်ပြဆွေးနွေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ဆောင်ရွက်ပေးခဲ့မှု၊ ကျေးလက်ဒေသများ မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများထောက်ပံ့ပေးမှု၊ ပညာသင်ကြားရေး၊ ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် ထောက်ပံ့ပေးမှုနှင့် အဆောက်အဦများ ဆောက်လုပ်ပေးမှု၊ တောင်ယာလုပ်ငန်းမှ လယ်ယာလုပ်ငန်းသို့ ပြောင်းလဲနိုင်ရေး လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ဆောင်ရွက်ပေးမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိမှုတို့ကိုလည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက နာဂဒေသအတွင်း တိုင်းရင်းသားလူမျိုးများ နေထိုင်မှု၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများ ထုတ်ပေးလျက်ရှိမှုနှင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆီထွက်သီးနှံများစိုက်ပျိုးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားလိုအပ်မှု၊ လမ်းပန်းဆက်သွယ်ရေး အဆင့်မြှင့်တင်ပေးစေလိုမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လဟယ်မြို့နယ်၊ လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့မှ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီအသီးသီးရှိ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုမှုများကို တင်ပြရာတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်ရာတွင် မြေနေရာအခက်အခဲလိုအပ်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုတို့ကို တင်ပြကြသည်။

## တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် နာဂဒေသအတွင်း ပွဲကြည့်စင်နှင့် ပြေးလမ်းပါ အားကစားကွင်းတစ်ခုကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးစီးပါက ဒေသခံများအနေဖြင့်လည်း စနစ်တကျထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ပွဲတော်များပြုလုပ်ခြင်းသည် အမြဲတမ်း ဆောင်ရွက်သည် မဟုတ်သဖြင့် သီးခြားမြေနေရာ သတ်မှတ်ဆောင်ရွက်ခြင်းထက် ပွဲပြုလုပ်သည့် စင်မြင့်များကို အလွယ်တကူ ဖြုတ်တပ်ဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်သင့်ကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ရေအားလျှပ်စစ်ထုတ်ယူမှုများကို ဆောင်ရွက်ရာတွင် မြစ်၊ ချောင်းများကို ပိတ်၍ လျှပ်စစ်ထုတ်ယူခြင်းထက် တစ်ဖက်ပိတ်ပုံစံဖြင့် အမြဲတမ်း လျှပ်စစ်ဓာတ်အားရရှိသကဲ့သို့ အမြဲတမ်းရေရရှိရေးအတွက်လည်း စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အမီ ချင်းတွင်းမြစ်ကူး ထမံသီတံတားပြီးစီးရေးနှင့် ထမံသီအထိ ကတ္တရာလမ်းခင်းကျင်းပေးနိုင်ရေး ရည်မှန်းချက်ထား ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စာရာမေရိတောင်ခြေရှိ လေရှီး-လဟယ် ဆက်သွယ်ထားသည့် မြေသားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ နာဂဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု အတတ်ပညာများ ပါဝင်သည့် အခြေခံပညာ အထက်တန်းကျောင်း တစ်ခုကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် သိပ္ပံအဆင့်အထိ အဆင့်ဆင့်တက်လှမ်းနိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များ တင်ပြဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် ခရီဖိုင်းအသားခြောက်လုပ်ငန်းရှင် ဒေါ်အလင်းသေးနှင့် Memory ရိုးရာအထည်လုပ်ငန်းရှင် ဒေါ်ချယ်ရီပန်းတို့က အသားခြောက်လုပ်ငန်းများကို ဒေသတွင်းအဆင့်မှ ပြည်တွင်းဈေးကွက်များအထိ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးစေရေးအတွက် လျှပ်စစ်မီး လိုအပ်ချက်ရှိမှု၊ ဒေသရိုးရာပစ္စည်းများနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်စေရေးအတွက် ရိုးရာအထည်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) မြှင့်တင်ရေး ရင်းနှီးမတည်ငွေများဖြင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြား

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ ထုတ်ပေးထားရှိမှုနှင့် မှန်မှန်ကန်ကန်နှင့် အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဒေသတွင်းရှိ ဦးစီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်မှု၊ နာဂဒေသအတွင်း လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်မည့် သယံဇာတများကို စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နာဂဒေသအတွင်း ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဒေသတွင်း အခြေခံကျန်းမာရေးဝန်ထမ်းများ ပြည့်စုံမှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အသီးသီး ဆွေးနွေးပြောကြားကြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်ရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ အားကစားကွင်းကို ပွဲကြည့်စင်နှင့် ပြေးလမ်းပါ အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ဆွေးနွေးမှာကြားရာတွင် ၂၀၂၃ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ချီးမြှင့်ပေးနိုင်ရေး ဖိတ်ကြားခဲ့ပြီး တက်ရောက်ခဲ့ရသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဒေသများကို ကိုယ်တိုင်သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များ၊ တင်ပြချက်များအပေါ် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ မလာရောက်မီကပင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် အဓိက အလေးထားစဉ်းစားခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဒေသတွင်နေထိုင်ကြသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် အကျိုးရှိပြီး ထိရောက်မှုရှိသည်ဖြစ်သဖြင့် ယခုကဲ့သို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထူးအစည်းအဝေးကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြနိုင်ရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြောင်းအရာများစွာရှိပြီး အထူးသဖြင့် စားရေရိက္ခာဖူလုံပေါများရေးပင်ဖြစ်ကြောင်း၊ နာဂဒေသတွင် ဒေသဝမ်းစာ ဆန်ဖူလုံမှုမရှိသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် ပုံမှန်စားသုံးသည့် ဆန်များပိုမိုရရှိရေး စပါးစိုက်ဧကများ ထပ်မံတိုးချဲ့ခြင်းနှင့် တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်၍ရကြောင်း၊ သို့သော် နာဂဒေသသည် တောင်တန်းဒေသ ဖြစ်သည့်အတွက် စိုက်ပျိုးဧကများ ထပ်မံတိုးချဲ့ရန် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် စားရေးကို အထောက်အကူပြုစေသည့် ဆန်စပါးအထွက်တိုးအောင် ကြိုးစားစိုက်ပျိုးမှုအပြင် ဒေသတွင်း ဖြစ်ထွန်းသည့် “ဝ” ဥ စိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ စပါးစိုက်ပျိုးမှုများ တစ်ဧကအထွက်နှုန်း တိုးတက်စေရန်အတွက် မြေကို စနစ်တကျပြုပြင်ဆောင်ရွက်ရန် လိုကြောင်း၊ တောင်ယာများစိုက်ပျိုးခြင်းထက် လှေကားထစ်ပုံစံ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြစေလိုပြီး ဒေသတွင်းစားရေးဖူလုံစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းထက် ခေတ်မီနည်းဖြင့် စနစ်တကျ ဆောင်ရွက်မည်ဆိုပါက ပိုမိုဖြစ်ထွန်းမည်ဖြစ်ပြီး ဒေသအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များရရှိရန်၊ စိုက်ပျိုးမြေကောင်းမွန်ရန်၊ တိရစ္ဆာန်များအတွက် အစာအာဟာရများလုံလောက်စွာ ရရှိရန်လိုကြောင်း။

❖ **ပညာရေးမြှင့်တင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထား အားပေးဆောင်ရွက်ပေးလျက်ရှိပြီး နာဂဒေသတွင်လည်း ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် မိမိတို့၏သားသမီးများအားလုံး ပညာတတ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် ဒေသဦးစီးအဖွဲ့မှ ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ဒေသတွင်းမှ ထုတ်ကုန်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေရှည်ထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ လက်ဖက်စိုက်ပျိုးခြင်းကိုလည်း ဒေသထုတ်ကုန်တစ်ခုအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ လက်ဖက်နှင့် ကော်ဖီကို နာဂဒေသ၏ အဓိက ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ လိမ္မော်သီးနှင့်အခြားအသီးအနှံများကိုစိုက်ပျိုး၍ ထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသအလိုက် ထုတ်ကုန်များပိုမိုတိုးတက်အောင် ထုတ်လုပ်ကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### ကျန်းမာရေးနှင့် ပညာရေး

ကုန်ထုတ်လုပ်မှုရှိမှသာလျှင် ဝင်ငွေရှိမည်ဖြစ်ပြီး ဝင်ငွေရရှိမှသာလျှင် ဒေသတွင် နေထိုင်သူများနှင့် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်များ ဆောင်ရွက်နိုင်ရန်၊ ပညာသင်ကြားနိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်ရန်အဓိကလိုအပ်ကြောင်း၊ ၂၀၁၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ယခင်သမ္မတကြီး ဦးသိန်းစိန်နှင့်အတူ လာရောက်ခဲ့စဉ် နာဂဒေသအတွင်း၌ ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်ရှိကြောင်းကို တင်ပြချက်များအရ သိရှိခဲ့ရသဖြင့် တပ်မတော်သားဆေးမှူးအရာရှိများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဝေးလံခေါင်ဖျားဒေသများမှ တိုက်နယ်ဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရေး စေလွှတ်၍ တာဝန်ပေးအပ်ခဲ့ကြောင်း၊ ကျန်းမာရေးသည် အရေးကြီးပြီး ကျန်းမာရေးကောင်းမွန်မှသာလျှင် အခြားကိစ္စရပ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးကုသမှုတစ်ခုတည်းသာမက ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်သွားလာစားသောက်မှုပုံစံရှိစေရေး မိမိကိုယ်မိမိ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ နာဂဒေသတွင် ပညာရေးလိုအပ်ချက်ရှိသည်ကို တွေ့ရှိရပြီး ယခုအခါ ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအားလုံး အနည်းဆုံး အလယ်တန်းအဆင့် တက်ရောက်အောင်မြင်ရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းလိုအပ်ချက်များအတွက် နိုင်ငံတော်မှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ အသိပညာ၊ အတတ်ပညာများ မြင့်မားစေရေး ပညာရေးကို အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ ပညာရေးမြှင့်တင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထား အားပေးဆောင်ရွက်ပေးလျက်ရှိပြီး နာဂဒေသတွင်လည်း ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် မိမိတို့၏ သားသမီးများအားလုံး ပညာတတ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဥပဒေအရ ဖြေရှင်းခဲ့ခြင်းမရှိသဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ တာဝန်ယူထမ်းဆောင်ချိန်တွင် NLD ပါတီကို ထောက်ခံသည့်သူများက နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရေး ဆူပူဆန္ဒပြမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင်လည်း ဥပဒေနှင့်အညီသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

### နာဂဒေသအတွင်း လျှပ်စစ်ဓာတ်အားဖူလုံစွာ ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်

လဟယ်ဒေသတွင် လျှပ်စစ်ဓာတ်အားထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လေရှီးဒေသတွင်လည်း လေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နန်းယွန်းဒေသတွင်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးများလိုအပ်ကြောင်း၊ ဒေသအလိုက် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် ဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အဆိုပါလုပ်ငန်းရပ်များအားလုံး တိုးတက်အောင် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ ဒေသအဆင့် ဌာနဆိုင်ရာများကိုယ်စား ဒေသအုပ်ချုပ်ရေးမှူး ဦးနေမင်းသူနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်းတို့က လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လဟယ်မြို့ အားကစားကွင်းအား ပွဲကြည့်စင်နှင့် ပြေးလမ်းပါ အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓ သာသနာပြု(ဗဟို)ကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းတို့သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနထံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်၌လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု (ဗဟို) ကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင် ကျောင်းတို့သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

## ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထေရဝါဒ ဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသာယာမှု ရှိစေရေးတို့အတွက် အမြဲမပြတ် ဆောင်ရွက်ပေးနိုင်ရေး နယ်မြေခံ တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းသို့ ရောက်ရှိကြပြီး သာသနဟ္ဂနွယ်ဝင်သီလရှင် ဆရာကြီး ဒေါ်ပညာသိင်္ဂီနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး များကို ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် သာသနာရေးဆိုင်ရာများ၊ ပညာသင်ကြားရေးဆိုင်ရာများနှင့် သီလရှင်ကျောင်းအတွက် လိုအပ်ချက်များကို မေးမြန်း လျှောက်ထားကာ နဝကမ္မအလှူ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဇောတိကဓဇ ဘဒ္ဒန္တသုမန အမှူးပြုသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ကလေးငယ်များ ပညာသင်ကြားရေး ဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို မေးမြန်းလျှောက်ထားပြီး နဝကမ္မ အလှူတော်ငွေများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများနှင့် လဟယ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု (ဗဟို) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဆရာမများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံ တော်ငွေများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ၊ သီလရှင်ဝတ်စုံ များကို ဆက်ကပ်လှူဒါန်း သည်။

## ထိန်းသိမ်းမှုများဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ထေရဝါဒ ဗုဒ္ဓသာသနာပြုသီလရှင် ကျောင်းဝင်းအတွင်းနှင့် ဆွမ်းစားဆောင်တို့အား လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များ ထောက်ပံ့ လှူဒါန်းပေးခဲ့ကြောင်း နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် လိုအပ်သည့် ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်း၌ သာသနဟ္ဂနွယ်ဝင်သီလရှင် ဆရာကြီး ဒေါ်ပညာသိင်္ဂီထံ နဝကမ္မအလှူတော်ငွေများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက် တိုင်းစစ်ဌာနချုပ် လဟယ်မြို့ရှိ နယ်မြေခံ တပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားသည်။




နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ လဟယ်ဒေသသည် ဝေးလံသည့် ဒေသတစ်ခုဖြစ်ပြီး ဝေးလံခေါင်ဖျားသည့် ဒေသတွင်တာဝန်ထမ်းဆောင်မှုအတွက် ဂုဏ်ယူပါကြောင်း၊ လဟယ်ဒေသရှိ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ထပ်မံ တွေ့ရှိရသည့်အတွက် ဝမ်းမြောက် ပါကြောင်းဖြင့် ဦးစွာပြောကြားပြီး မြန်မာ နိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲခဲ့မှု အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်တာဝန်များ ထမ်းဆောင်ခြင်း မပြုမီ အချိန်ကတည်းကပင် နိုင်ငံတော် ၏ စီးပွားရေးမှာ ကျဆင်းလျက်ရှိသကဲ့သို့ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကြောင့်လည်း ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းမှု နှင့်အတူ မိမိတို့နိုင်ငံသည်လည်း စီးပွား ရေး ကျဆင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခက်အခဲ၊ အကျပ်အတည်း များကြားမှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန် စွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ် ရေး စွမ်းရည်များ ပြည့်ဝနေရန်လိုကြောင်း၊ စွမ်းရည်များ တိုးတက်စေရေးအတွက် အမြဲ လေ့ကျင့်နေရမည်ဖြစ်ပြီး စွမ်းအား များ တိုးတက်စေရေးအတွက်လည်း တပ်မတော်ကို အဆင့်မြှင့်တင်ခြင်းများ အမြဲမပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဦးချင်း စွမ်းရည်များ တိုးတက်စေရန် အတွက် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ သွားလာမှုများကို စနစ်တကျဖြင့် ဆောင် ရွက်မည်ဆိုပါက စွမ်းရည်ရှိသည့် တပ်ဖြစ် လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး စနစ် သည့် အရက်သေစာ သောက်စားခြင်းများ ကိုလည်း တတ်နိုင်သမျှအသိတရားဖြင့် ထိန်းသိမ်းကြရန်လိုကြောင်း၊ အလားတူ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆေးလိပ်နှင့် ကွမ်းသုံးစွဲမှုများကိုလည်း ရှောင်ကြဉ်ကြရန်လိုကြောင်း၊ နေထိုင် စားသောက်မှုများ အဆင်ပြေစေရေး အတွက် တပ်မတော်မှ စီမံဆောင်ရွက်ပေး ထားသကဲ့သို့ တပ်ပိုင်စိုက်ပျိုးမွေးမြူရေး နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်း အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝတ်ရေးနှင့် နေရေးအတွက်လည်း ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ ဘဝတိုးတက်စေရေး အမြဲမပြတ်ကြိုးပမ်း ဆောင်ရွက်နေကြရန်လိုကြောင်း၊ မိမိတို့ သားသမီးများ၏ ပညာရည်မြင့်မားရေး အတွက်လည်း အားပေးဆောင်ရွက်ကြ ရန်လိုကြောင်း၊ သို့မှသာ ၎င်းတို့၏ ဘဝ တိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြ မည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာ ရည်မြင့်မားရေးအတွက် အားပေး ဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့် ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစု များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံ ရေးအရ အရေးပေါ်အခြေအနေကြေညာ ခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်– ၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ် ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှု များကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက် မှု ဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက် ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခဲ့ ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ် လုပ်မှုများနှင့် အသေးစား၊ အလတ်စား နှင့် အငယ်စား (MSME) လုပ်ငန်းများ ကို အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် နိုင်ငံ၏ စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာ ပြီဖြစ်ကြောင်း။

### စွမ်းရည်၊ စွမ်းအားရှိသည့် တပ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

တပ်မတော်၏ မူလတာဝန်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ တော်ကို ကာကွယ်စောင့်ရှောက်ရန် အတွက် စွမ်းရည်သုံးရပ်ဖြစ်သည့် စစ်ရေး တကျဖြင့် နေထိုင်ဆောင်ရွက်ပြီး စွမ်းရည် ရှိသည့် တပ်တစ်ခုဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ပြင် ဒေသခံတပ်များဖြစ်သည့်အတွက် ဒေသ တွင် တာဝန်ထမ်းဆောင်နေသည့် ဌာန ဆိုင်ရာများ၊ ဒေသခံများနှင့် အတူတကွ ပူးပေါင်း၍ စည်းလုံးညီညွတ်စွာဖြင့် ဒေသ ၏ ကောင်းရာကောင်းကျိုးများကိုလည်း စွမ်းဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးအတွက် လည်း အထက်အောက်ညီညွတ် မျှတသည့် အုပ်ချုပ်မှုပုံစံနှင့် စစ်သည်များ၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများကို ပြည့်ဝစွာ ရရှိစေ ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ပြီး လူမှုဘဝတိုးတက်ရေး ဆောင်ရွက်ကြရမည်

ထို့ပြင် မိမိဘဝအတွက် အကျိုးမရှိ ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ် သဖြင့် မိမိတို့နေထိုင်သည့် နေအိမ် များ ရေရှည်တည်တံ့ရေးအတွက်လည်း စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်း နေထိုင်သွားရန်လိုကြောင်း၊ တပ်မတော်မှ စစ်သည်၊ မိသားစုတစ်ဦးချင်းစီ၏ အခြေခံ လိုအပ်ချက်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ် သဖြင့် မိမိဘဝကို မိမိမြှင့်တင်ရန် မိမိ ကိုယ်တိုင် ကြိုးစားအားထုတ်ရမည်ဖြစ် ကြောင်း။

မိမိတို့ဘဝတိုးတက်ရေးကိုအထောက် အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာ နေရန်လိုကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးရှိ စာကြည့်တိုက်များ၌ စာအုပ် စာစောင်များ အမြဲမပြတ်ရရှိစေရန် စီမံ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ရာ သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များ ကို လိုအပ်သည်များ ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲတက်ရောက်



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ လွှမ်းခြုံမှုနှင့် စွမ်းဆောင်မှု အကောင်းဆုံးဆုတွင် ဒုတိယဆုရ မကွေးတိုင်းဒေသကြီးမှ ကိုယ်စားလှယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် (ရုံးချုပ်) သီရိရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

## တက်ရောက်

အခမ်းအနားသို့ ဂုဏ်ထူးဆောင် နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဒုတိယခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များ၊ အတွင်းရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ခြင်းနှင့် စွမ်းပကား မြှင့်တင်ခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာအဆင့် အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂမှ ချမှတ်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များစသည့် နိုင်ငံတကာ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပစဉ်ကာလအတွင်း ချီးမြှင့်ခဲ့သည့် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုကို မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်နေ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး စီမံချက်က ထိုက်ထိုက်တန်တန် ရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

## ပူးပေါင်းပါဝင်ဆောင်ရွက်

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) (NSPAW) Phase 1 ပါ လုပ်ငန်းစဉ်များဖြစ်သည့် အမျိုးသမီးများနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မီဒီယာ၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု၊ အရေးပေါ်အခြေအနေနှင့် ပဋိပက္ခဒေသအတွင်းရှိ အမျိုးသမီးများအတွက် လုပ်ငန်းရပ်များ ဆောင်ရွက်ပေးလျက်ရှိရာမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) NSPAW Phase 2 ရေးဆွဲရေးကို ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်အတူ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့နှင့် ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ အသိပညာပေးခြင်း လုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးသည့် နေရာများ၊ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းစဉ်များတွင် ပူးပေါင်း ဆောင်ရွက်ခဲ့မှုများကို အထူးလေးစားအားရဖွယ် တွေ့ရှိရပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အာဆီယံဆိုင်ရာ လုပ်ငန်းများ အပါအဝင် လူမှုဝန်ထမ်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကော်မတီအဖွဲ့ဝင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် များစွာ အရေးပါသည့်အတွက် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့်အတူ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## မှတ်တမ်းဗီဒီယိုကိုကြည့်ရှု

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၈ သို့*



ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၇ မှ*

ဆက်လက်၍ ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်၊ ကျေးရွာများအား ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှက လွှမ်းခြုံမှုနှင့် စွမ်းဆောင်မှုအကောင်းဆုံးဆုတွင် ပထမဆုရ ရှမ်းပြည်နယ်၊ ဒုတိယဆုရ မကွေးတိုင်းဒေသကြီး၊ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးနှင့် အထူးဆုရ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များကို ဆုများ ပေးအပ်ချီးမြှင့်သည်။




ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက လွှမ်းခြုံမှု အကောင်းဆုံးဆုတွင် ပထမဆုရ ကချင်ပြည်နယ်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီး၊ တတိယဆုရ မွန်ပြည်နယ်နှင့် အထူးဆုရ နေပြည်တော်ကောင်စီနယ်မြေတို့မှ ကိုယ်စားလှယ်များကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က စွမ်းဆောင်မှု အကောင်းဆုံးဆုတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရ ကရင်ပြည်နယ်၊ တတိယဆုရ ရခိုင်ပြည်နယ်နှင့် အထူးဆုရ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များကို လည်းကောင်း၊ နာယက ဒေါ်နီနီဝင်းက စဉ်ဆက်မပြတ် စွမ်းဆောင်မှု အကောင်းဆုံးဆုတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရ ရှမ်းပြည်နယ်၊ တတိယဆုရ မွန်ပြည်နယ်နှင့် အထူးဆုရ မန္တလေးတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင် နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နေ့လယ်ပိုင်း (ပထမပိုင်းအစီအစဉ်) ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အမှာစကားပြောကြားပြီး သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဆက်လက်၍ နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့များက နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို တင်ပြကြပြီး တင်ပြချက်များအပေါ် သဘာပတိက ပြန်လည်သုံးသပ်ခဲ့သည်။

ဆက်လက်၍ အစည်းအဝေး နေ့လယ်ပိုင်း (ဒုတိယပိုင်း အစီအစဉ်) ကို ဆက်လက်ကျင်းပရာ ဒုတိယဥက္ကဋ္ဌ-၁ ဒေါ်တင်တင်လတ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များက နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် သဘာပတိမှ ပြန်လည်သုံးသပ်ခဲ့ကြောင်းနှင့် အဆိုပါနှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

**ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဥပဒေဘာသာပြန်ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာသီတာဦးက ယခုအစည်းအဝေးသည် မိမိ ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလ၌ (၅) ကြိမ်မြောက် ကျင်းပပြုလုပ်သည့် အစည်းအဝေးပင်ဖြစ်ကြောင်း၊ ယင်းကာလတွင် ဘာသာပြန်ဆိုရန် တာဝန်ရှိသည့် ဥပဒေများထဲမှ




ဥပဒေ (၅) ခုကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ပြီး ဥပဒေဘာသာပြန်စာအုပ်အမှတ် (၉)၊ (၁၀)၊ (၁၁) အဖြစ် စာအုပ် သုံးအုပ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း။

ဥပဒေဘာသာပြန် စာအုပ် (၉) အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည့် ရာဇသတ်ကြီး(The Penal Code) ကို မြန်မာဘာသာပြန်ဆိုချက်နှင့်အတူ မူလအင်္ဂလိပ်စာမူကိုလည်း ပူးတွဲ ထည့်သွင်းဖော်ပြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ စာအုပ်အမှတ်(၉)၊ ရာဇသတ်ကြီးကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထပ်မံ ပုံနှိပ်လျက်ရှိ၍ မကြာမီလက်ဝယ် ရရှိတော့မည်ဖြစ်ကြောင်း။

ထိုသို့ ပုံနှိပ်ထုတ်ဝေခဲ့သည့် ဥပဒေဘာသာပြန်စာအုပ်များကို ဥပဒေနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေကို စိတ်ပါဝင်စား၍ လေ့လာလိုက်စားသည့် မိဘပြည်သူများက ဖတ်ရှုလေ့လာကြပြီး မြန်မာဘာသာ ပြန်ဆိုချက်များအပေါ် လူကိုယ်တိုင် တိုက်ရိုက်ဖြစ်စေ၊ လူမှုကွန်ရက်ပေါ်မှ တစ်ဆင့်ဖြစ်စေ ဆွေးနွေးရေးသားပြောဆိုခြင်း ပြုကြသည်ကို ရံဖန်ရံခါ တွေ့ရှိရကြောင်း၊ အပြုသဘောနှင့် စေတနာစိတ်တို့ဖြင့် ဝေဖန်ထောက်ပြခြင်းများ ရှိပါကလည်း ကြိုဆိုရမည်ဖြစ်ပြီး ကော်မရှင်အနေဖြင့် ဘာသာပြန်ဆိုခြင်းလုပ်ငန်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များသည် အတိုင်းအတာတစ်ခုထိ ထိရောက်အောင်မြင်မှု ရရှိသည့်အတွက်လည်း မိမိအနေဖြင့် ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင် တစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များ အားလုံးက ဥပဒေများကို ဆွေးနွေးရာတွင် အချက်အလက် အကိုးအကားများနှင့် အားတက်သရော ပါဝင်ဆွေးနွေးခြင်းဖြင့် ရှင်းလင်းပြတ်သား ဆီလျော်သော မြန်မာဘာသာပြန်ဆိုချက်များ ရရှိမည်ဖြစ်ကြောင်း၊ ဘာသာပြန်ဆိုရာတွင်လည်း မူရင်းပြဋ္ဌာန်းချက်၏ ဆိုလိုရင်း အဓိပ္ပာယ်နှင့် ကွဲလွဲမှုမရှိစေရန်၊ ဥပဒေအနှစ်သာရ ရှိစေရန် Legal Sense ဖြင့် စဉ်းစားပြန်ဆိုရမည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် The Trusts Act (ယုံမှတ်အပ်နှံမှုအက်ဥပဒေ) ကို ဆွေးနွေးအတည်ပြုမည်ဖြစ်ပြီး အပြုသဘောဖြင့်အားလုံးက ဝိုင်းဝန်းဆွေးနွေးအကြံပြုစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များက တက်ရောက်ဆွေးနွေးကြပြီး အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**ရွှေတောင် ဇန်နဝါရီ ၁၆**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်း မသန်စွမ်းမှုအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ရွှေတောင်မြို့နယ် အလုပ်သမားဝန်ကြီးဌာန မြို့နယ်လူမှုဖူလုံရေးဦးစီးဌာနရုံး၌ ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ပြောကြားပြီးပြည်ရေနံမြေအာမခံအလုပ်သမားဦးအောင်မင်းထွန်း၏ အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့်ငွေကျပ် ၃၄၉၂၇၂၀ ကို ကာယကံရှင်အားလည်းကောင်း၊ သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံမှ အာမခံအလုပ်သမား ဒေါ်ချစ်ဝေနှင်း၏ မီးဖွားခွင့်နှင့်စရိတ်အတွက်ခွင့်ပြုငွေ ကျပ် ၄၁၇၆၀၀ ကို ခင်ပွန်းဖြစ်သူ ဦးအေးချမ်းပြည့်စုံအောင်အား လည်းကောင်း ပေးအပ်ခဲ့သည်။ (ယာပုံ)

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းက အမှတ် (၁) ချည်မျှင်နှင့် အထည်စက်ရုံ အာမခံအလုပ်သမား ဒေါ်အေးပပကြည်၏ ဆေးဖိုးပြန်အမ်းခြင်းဆိုင်ရာခွင့်ပြုငွေ ကျပ် ၃၇၇၀၀၀ နှင့် OKi ဆပ်ပြာစက်ရုံမှ ဒေါ်စိုးစိုးသူ၏ ဆေးဖိုးပြန်အမ်းခြင်းဆိုင်ရာ ခွင့်ပြုငွေကျပ် ၃၇၉၁၁၀ အား ထုတ်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများသို့ ဆန်နှင့် ဆီများလှူဒါန်း

**လွိုင်ကော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် ဒေါက်တာ အေးထွန်း၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများသို့ ဆန်နှင့် ဆီများ လှူဒါန်းကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ သွားရောက်ကာ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ကို လှူဖွယ်ဝတ္ထု၊ ဆန်နှင့် ဆီများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ခရစ်တော်ဘုရင် ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများအတွက် ဆန်နှင့် ဆီများ ထောက်ပံ့လှူဒါန်းစဉ်။

ထို့နောက် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆန်နှင့် ဆီများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ထောက်ပံ့လှူဒါန်းရာ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် သီလရှင်များက လက်ခံရယူကြသည်။

ယနေ့တွင် ကယားပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ၄၁ ကျောင်းမှ ရဟန်းသာမဏေ ၈၁၆ ပါး၊ သီလရှင်ကျောင်းသုံးကျောင်းမှ သီလရှင် ၁၁၆ ပါးအတွက် ဆန် ၂၃၃ အိတ်နှင့် ဆီ ၄၆၆ ပိဿာ၊ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၄၅ ကျောင်းမှ ဘုန်းတော်ကြီး ၁၅၆ ပါး၊ သီလရှင် ၁၀၂ ပါးအတွက် ဆန် ၁၂ ပြည်အိတ် ၆၄ အိတ်၊ ဆီ ၁၂၈ ပိဿာတို့ကို လှူဒါန်းခဲ့ရာ စုစုပေါင်းလှူဒါန်းငွေကျပ် ၂၀၈၂၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဆင်းရဲချမ်းသာ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ အဆိုပါကျောင်းခန်းမ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ တာဝန်ကျရာဒေသတွင် သစ္စာရှိရှိ တာဝန်ကျေပွန်အောင် ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများအားလုံးကို ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများကို ဒေသအတွက်၊ နိုင်ငံအတွက် အားထားရမည့် ထူးချွန်ထက်မြက်သော နိုင်ငံသားကောင်းသမီးမွန်များ ဖြစ်အောင် ပြုစုပျိုးထောင် မွေးထုတ်ပေးစေလိုပါကြောင်း၊ ဆင်းရဲချမ်းသာ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမိသားစုအားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လဟယ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြား၍ ဆရာ ဆရာမများနှင့် ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် ပညာရေးမှူးရုံးသို့ သွားရောက်၍ တည်ဆောက်ရေး လုပ်ငန်းခွင်များ၊ တည်ဆောက်ဆဲ အဆောက်အဦအသစ်ကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** အချိန်မီပြီးမြောက်ရေးနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံ၏ မွေးမြူထုတ်လုပ်မှုကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်လာရေးအတွက် ခေတ်မီမွေးမြူရေးဆိုင်ရာ နည်းပညာများ ကြွယ်ဝစွာ တတ်မြောက်သည့် မျိုးဆက်သစ်များ လိုအပ်လျက်ရှိရာ ကျောင်းသား ကျောင်းသူများအနေဖြင့် အချိန်ကို တန်ဖိုးရှိစွာအသုံးပြုပြီး မိမိအကျိုး၊ နိုင်ငံ့အကျိုး အကောင်းဆုံးသယ်ပိုးနိုင်သည့် လူချွန်လူကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ယနေ့ နံနက်ပိုင်းက ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြောကြားခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်စိုး၊ ဦးဇေယျာလင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူ ၂၅၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာအသင်းဝင် ကျောင်းသား ကျောင်းသူများက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသီချင်း၊ လောကအားမာန် တေးသီချင်းအကတို့ဖြင့် ကြိုဆိုဂုဏ်ပြုကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက မောင်မယ်သစ်လွင်များနှင့် အကအဖွဲ့များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တိရစ္ဆာန်ဆေးပညာဘွဲ့ (ပထမနှစ်) တွင် သင်တန်းသား ၁၀၇ ဦးနှင့် မွေးမြူရေးပညာဘွဲ့ (ပထမနှစ်) တွင် သင်တန်းသား ၁၄၆ ဦးတို့ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စတင်တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ်မှ ယနေ့အထိ ၆၅ နှစ်တာ ကာလအတွင်း BASc ၁၆၉ ဦး၊ DVM ၄၆ ဦး၊ BVS/BVSc ၅၆၇၂ ဦး၊ DipLPA ၄၄၉ ဦး၊ DipLIS ၂၂၀၊ MPhil ၂၁ ဦး၊ MVM ကိုးဦး၊ MVSc ၃၃၀၊ PhD ၂၃ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ဘာသာရေးအဖွဲ့ခေါင်းဆောင်များ၊ ပြည်သူ့စစ်ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့် တွေ့ဆုံ၊ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်

လွိုင်ကော် ဇန်နဝါရီ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ဘာသာရေးအဖွဲ့ ခေါင်းဆောင်များ၊ ပြည်သူ့စစ်ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဒေါက်တာအေးထွန်းနှင့် ဘာသာပေါင်းစုံမှ ဘာသာရေးအဖွဲ့ခေါင်းဆောင်များ၊ ပြည်သူ့စစ် (ဌာနေ) အဖွဲ့ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နယ်ခြားစောင့်တပ်များမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




## ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် **(အပေါ်ပုံ)** က ပြည်နယ်အတွင်းငြိမ်းချမ်းရေးကို အတူတကွ ဝိုင်းဝန်းဖော်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးမရှိပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများ အဆင်ပြေကောင်းမွန်စေရန်အတွက်လည်း ရပ်ကွက်ကျေးရွာ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံရေးဖြစ်စဉ်များကို သိရှိနားလည်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌ ငြိမ်းချမ်းရေးရှိမှ မိမိတို့ပြည်နယ်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

## နှုတ်ခွန်းဆက်စကားပြောကြား

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်နှင့် ဦးရွှေကြိမ်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကယားပြည်နယ်အတွင်းရှိ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူ့စစ်အဖွဲ့များ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများကလည်း မိမိတို့၏ကဏ္ဍများအလိုက် ဆောင်ရွက်ချက်များ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက လက်ရှိဆောင်ရွက်ပေးနေသည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

## ထောက်ပံ့ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များကို နှစ်သစ်ကူး အမှတ်တရ လက်ဆောင်ပန်းခြင်းများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်သူ့စစ် (ဌာနေ) အဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နယ်ခြားစောင့်တပ်များနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

## အားပေးစကားပြောကြား

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယမန်နေ့ နံနက်ပိုင်းက KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ယုတ်မာရက်စက်စွာ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်သဖြင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး၏ မိသားစုဝင်များ နေအိမ်နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် အပြစ်မဲ့ ကျောင်းသား ကျောင်းသူများ၊ အရပ်သားပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့်အဖွဲ့ သေဆုံးသွားသည့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး၏ မိသားစုဝင်များအား ထောက်ပံ့ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့ လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ထိခိုက်ဒဏ်ရာရရှိသူများအား အားပေးစကား ပြောကြားစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း သီရိပျံချီဘွဲ့ရရှိသူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အေးကို ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ကြင်ပို အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

❂ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးထွန်းမြတ် ကိုယ်စား သမီးဖြစ်သူ ဒေါ်ငြိမ်းငြိမ်းမြင့်၊ နိုင်ငံတော်ကောင်စီဝင် ဦးစိုးမြင့် (ငြိမ်း)ကိုယ်စား သမီးဖြစ်သူ ဒေါ်မြတ်မော်စိုး၊ နိုင်ငံတော်ကောင်စီဝင် ဦးစိုးလှိုင် ကိုယ်စား သားဖြစ်သူ ဦးမောင်မောင်စိုး၊ စာရေးဆရာ ဆရာဇော်ဂျီ ကိုယ်စား သမီးဖြစ်သူ ဒေါက်တာ ခင်မျိုးဟန်၊ နိုင်ငံတော်ကောင်စီဝင် ဦးတင်အောင် ကိုယ်စား သမီးဖြစ်သူ ဒေါ်မာလာအောင်၊ သီရိပျံချီဘွဲ့ရရှိသူ စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး မောင်ချို ကိုယ်စား သမီးဖြစ်သူ ဒေါ်သီနွယ်ချို၊ သစ်တောရေးရာဌာန ဝန်ကြီး ဦးအောင်ဖုန်း ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်စစ်အေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညိုထွန်း(ငြိမ်း)ကိုယ်စား သားဖြစ်သူ ဦးစောထွန်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဝင်းမောင်(ငြိမ်း)ကိုယ်စား သမီးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး စန်းစန်းဝင်း၊ သီရိပျံချီဘွဲ့ရရှိသူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စက်မှုလက်မှုဌာနဝန်ကြီး ဗိုလ်ခင်မောင် ကိုယ်စား သမီးဖြစ်သူ ဒေါ်မြင့်မြင့်အောင်၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဌာနဝန်ကြီး ဦးထွန်းဝင်း ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်ကြည်၊ ဝန်ကြီး ဗိုလ်စိန်မှန် ကိုယ်စား သမီးဖြစ်သူ ဒေါ်ချော၊ ပြည်ထဲရေးဝန်ကြီး သခင်သာခင် ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မြသန်းတင်တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များအား ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ ကာယကံရှင်များနှင့် မိသားစုများထံသို့ လက်ဝယ်အရောက်ချီးမြှင့်အပ်နှင်းသည်။

အလားတူ ဇေယျကျော်ထင်ဘွဲ့ရရှိသူ တစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ကိုးဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ခြောက်ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ နှစ်ဦးတို့ကို ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ ကာယကံရှင်များနှင့် မိသားစုများထံသို့ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများကိုနည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်တစ်ပြေးညီ ဖြစ်စေရန် အလေးထားဆောင်ရွက်ကြစေလို

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း နည်းဥပဒေ ညွှန်ကြားချက်များနှင့် အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကို နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်တစ်ပြေးညီ ဖြစ်စေရန်၊ တည်ဆဲယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများ၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကို ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြစေ လိုကြောင်း၊ "အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC)" ၏ လမ်းညွှန်ချက်များနှင့်အညီ အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည့် အချက်များကို တက်ရောက်လာကြသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နဝမအကြိမ် ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နဝမအကြိမ် ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေး တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းရမိသော လက်နက်/ခဲယမ်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားကတ်မရရှိသေးသူများနှင့် ယခုနှစ်အတွင်း အသက် (၁၆) နှစ် ပြည့်မီလာသူများအတွက် ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်အတွင်း ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယမန်နေ့က လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးခန်းမဆောင်ကြီး၌ ကျင်းပသည်။




**စနစ်တကျကိုင်တွယ် ထိန်းသိမ်းကြရန် လိုအပ်**

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လောက်ကိုင်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ ဦးညီနပ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအတွက် ခေတ်အဆက်ဆက် စီမံချက်များရေးဆွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုးပွင့်၊ သစ္စာစသည့် စီမံချက်များဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသကဲ့သို့ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်ဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားကတ် ကိုင်ဆောင်မဲပေးနိုင်ရေး ရည်ရွယ်၍ နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားကတ်မရရှိသေးသူများနှင့် ယခုနှစ်အတွင်း အသက် (၁၆) နှစ်ပြည့်မီလာသူများအတွက် ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်အတွင်း နိုင်ငံသားကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားကတ်သည် နိုင်ငံသား တစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်သကဲ့သို့ အထွေထွေရွေးကောက်ပွဲတွင်လည်း မဲပေးနိုင်ခွင့် အပြည့်အဝရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူမှုဘဝဆောင်ရွက်မှုတိုင်း၌ မရှိမဖြစ်လိုအပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားကို အလွယ်တကူရရှိမှုအပေါ် တန်ဖိုးမထား မဖြစ်ကြရန်နှင့် စနစ်တကျကိုင်တွယ်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေးရရှိသကဲ့သို့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိကြရန်လည်း လိုအပ်ပါကြောင်းနှင့် နိုင်ငံသားတစ်ဦး၏တာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။(အပေါ်ပုံ)

**ဒေသခံကိုယ်စားလှယ်များထံ ပေးအပ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပန်းခင်းစီမံချက်ဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပန်းခင်းစီမံချက်အဆင့် (၂) ဖြင့် လောက်ကိုင်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း အစောင် ၂၀၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၀၀ တို့ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူး၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဒေသခံ ကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

**နှုတ်ဆက်အားပေး**

ယင်းနောက် ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှုအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လောက်ကိုင်မြို့ အေးငြိမ်းချမ်းသာ ပြည်သူ့ဥယျာဉ် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် မဲခေါင်-လန်ချန်းဒေသ အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် သိုလှောင်ရုံနှင့် အသိပညာပေးစင်တာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌတို့က သိုလှောင်ရုံနှင့် အသိပညာပေးစင်တာတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကျောက်ပြားကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

**သိုလှောင်ရုံနှင့် အသိပညာပေးစင်တာဖွင့်လှစ်**

မဲခေါင် – လန်ချန်းဒေသ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်မှ ထောက်ပံ့ငွေကျပ် ၄၆၅ ဒသမ ၇၀၈ သန်းဖြင့် ရှမ်းပြည်နယ်အတွင်း ပင်းတယ၊ မိုင်းပျဉ်း၊ လောက်ကိုင်နှင့် ဟိုပန်မြို့နယ်တို့တွင် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်အရ သိုလှောင်ရုံနှင့် အသိပညာပေးစင်တာ လေးခုတို့ကို တည်ဆောက်ပေးခဲ့ရာ ယခုအခါ အဆိုပါကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ မဲခေါင် – လန်ချန်းဒေသ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် တည်ဆောက်ပြီးဖြစ်သည့် သိုလှောင်ရုံနှင့် အသိပညာပေးစင်တာကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်) ရဟတ်ယာဉ်ကွင်းအနီး၌ လောက်ကိုင်ဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများကို တွေ့ဆုံကာ နယ်စပ်ဒေသ၌ တာဝန်ထမ်းဆောင်နေကြသူများ ပီပီ နိုင်ငံနှင့်လူမျိုးအပေါ် တာဝန်သိသိသစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒေသခံတိုင်းရင်းသားများနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံ၍ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ On-site တွေ့ရှိချက်များ၊ AML/CFT ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ Money Changer လိုင်စင်ရဘဏ်မဟုတ်သော ကုမ္ပဏီအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ On-site တွေ့ရှိချက်များ၊ AML/CFT ဆိုင်ရာ လုပ်ငန်းများ အလေးထားဆောင်ရွက်နိုင်ရန် Money Changer လိုင်စင်ရဘဏ် မဟုတ်သော ကုမ္ပဏီအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးစုံစမ်းစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် Money Changer လိုင်စင်ရဘဏ် မဟုတ်သော ကုမ္ပဏီအဖွဲ့အစည်းများ တက်ရောက်ကြသည်။

**ဈေးကွက်တည်ငြိမ်ရေး**

ဦးစွာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နိုင်ငံခြားငွေများ လဲလှယ်ရောင်းချရာ၌ AML/CFT ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်ရန်အတွက် လည်းကောင်း၊ Money Changer လိုင်စင်ရကုမ္ပဏီများသို့ On-Site စစ်ဆေးရာတွင် လိုက်နာဆောင်ရွက်ရန် တွေ့ရှိချက်များနှင့် ပတ်သက်၍လည်းကောင်း၊ Money Changer လိုင်စင်ရကုမ္ပဏီများ အနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် ဥပဒေနှင့်စည်းမျဉ်းများ၊ ညွှန်ကြားချက်များကို သိရှိ/ လိုက်နာဆောင်ရွက်နိုင်ရေးနှင့် အခက်အခဲများကို အပြန်အလှန် ဆွေးနွေးနိုင်ရန်အတွက်လည်းကောင်း၊ Money Changer လိုင်စင်များအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ လိုင်စင်အသစ်များ ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်း တိုးခြင်းများနှင့် ပတ်သက်သည့်မူဝါဒများ သိရှိနိုင်ရန်အတွက် လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ပြဋ္ဌာန်းချက်များကို သိရှိနားလည်စေရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဖွင့်လှစ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေး သင်တန်းတက်ရောက်ရန် လိုအပ်ကြောင်းကို လည်းကောင်း ဆွေးနွေးပြောကြားပြီး Money Changer လိုင်စင်ရကုမ္ပဏီများသည် နိုင်ငံခြားငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေသူများ ဖြစ်သဖြင့် နိုင်ငံခြားငွေကြေး ဈေးကွက်တွင် ဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်ပေါ်စေရန်အတွက် လှုံ့ဆော်မှုများကို သိရှိပါက သတင်းအချက်အလက်များ ပေးပို့ရန်နှင့် နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်စေရေး အတူတကွ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် အထူး စုံစမ်းစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ်တို့က AML/ CFT ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် အမြဲဆက်သွယ်ဆောင်ရွက်၍ လိုအပ်သည့် စာရင်းစစ်အစီရင်ခံစာများကိုလည်း မပျက်မကွက် ပေးပို့ရမည်ဖြစ်ကြောင်း တွေ့ရှိချက်များကို ဆွေးနွေးကြသည်။

**ဆွေးနွေးဖြေကြား**

ယင်းနောက် Money Changer လိုင်စင်ရဘဏ် မဟုတ်သော ကုမ္ပဏီအဖွဲ့အစည်းများမှ သိရှိလိုသည်များ မေးမြန်းသည့်အပေါ် တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးဖြေကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသား ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဇန်နဝါရီ ၁၅ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက်မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်သည့်အကြံဖြင့် လူမဆန်စွာပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါလက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး သေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့ အရပ်သားပြည်သူ နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)တို့က လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့လူမဆန်စွာ ပစ်ခတ်ခဲ့ခြင်းကြောင့် လုံခြုံရေးအဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး၊ ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိပါသည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ တနင်္လာနေ့

၁။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို တိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် လူမဆန်စွာပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်အတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားတစ်ဦး သေဆုံး၍ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၊ ကျောင်းသား ကျောင်းသူ ကလေးငယ် ခြောက်ဦးနှင့် အပြစ်မဲ့အရပ်သား နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ပြည်ထောင်စုဖွား ကယားတိုင်းရင်းသားပြည်သူများ၏ ပြည်နယ်နေ့အခါသမယတွင် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာနေရာအား အများပြည်သူများ အစုလိုက်အပြုံလိုက် သေကျေဒဏ်ရာရစေရန်အလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၁။ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ကျင်းပနေစဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ဒေသခံတိုင်းရင်းသားများ၏ အထိမ်းအမှတ်အခမ်းအနားကို ပျက်စီးစေလိုသော လုပ်ရပ်နှင့် အပြစ်မဲ့ပြည်သူများအား သေဆုံးစေရန် ရည်ရွယ်ချက်ဖြင့် ပစ်ခတ်အကြမ်းဖက်သည့်လုပ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လက်မခံနိုင်ပါကြောင်းနှင့် ရှုတ်ချပါကြောင်း သဘာထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

၁။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် (တနင်္ဂနွေနေ့) တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် အကြမ်းဖက်သမားအချို့က လက်နက်ကြီးများကို အသုံးပြု၍ ပစ်ခတ်ဖျက်ဆီးမှုများပြုလုပ်ခဲ့ရာ အဆိုပါ အကြမ်းဖက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူတစ်ဦး သေဆုံးခဲ့ရပြီး အခမ်းအနားတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေသော ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် ပြည်သူနှစ်ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရခဲ့ပါသည်။

၂။ ယခုလုပ်ရပ်သည် ဒေသခံတိုင်းရင်းသားများ၏ အထိမ်းအမှတ်အခမ်းအနားကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် အပြစ်မဲ့ပြည်သူများအား သေကျေဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် အဆိုပါအကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

၁။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် (တနင်္ဂနွေနေ့) တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် အကြမ်းဖက်သမားအချို့က လက်နက်ကြီးများကို အသုံးပြု၍ ပစ်ခတ်ဖျက်ဆီးမှုများပြုလုပ်ခဲ့ရာ အဆိုပါ အကြမ်းဖက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူတစ်ဦး သေဆုံးခဲ့ရပြီး အခမ်းအနားတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေသော ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် ပြည်သူနှစ်ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရခဲ့ပါသည်။

၂။ ယခုလုပ်ရပ်သည် ဒေသခံတိုင်းရင်းသားများ၏ အထိမ်းအမှတ်အခမ်းအနားကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် အပြစ်မဲ့ပြည်သူများအား သေကျေဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် အဆိုပါအကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)



ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့၌ ဌာနဆိုင်ရာများ ကြီးကြပ်မှုဖြင့် ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်ထောင်စု လူဦးရေစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် Working Group အဖွဲ့များက ဇန်နဝါရီ ၁၆ ရက်က ဘဟဲကျေးရွာတွင် စာရင်းများ ကောက်ယူစဉ်။ မျိုးမင်း(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ဇန်နဝါရီ ၁၅ ရက်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ သန်းကျော် ဆောင်ရွက်နိုင်ခဲ့



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဇန်နဝါရီ ၁၅ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၀ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၉၁ သန်းတို့ဖြစ်ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ သီဟိုဠ်စေ့ ၃၂ တန်၊ ဆန်ကွဲ(B 1–2) ၅၈၂ ဒသမ ၅ တန်၊ ဖရဲသီး ၁၈၇၄ တန်၊ နှမ်းနက် ၁၃၇ ဒသမ ၅၄၂ တန်၊ ကဏန်း ၃၁ ဒသမ ဝ၈ တန်၊ သခွားမွှေး ၄၇၅ တန်၊ ဝါဂွမ်း ၄၉ ဒသမ ၉ တန်၊ ပဲတီစိမ်း ၁၇၂ တန်၊ မြေပဲဆန် ၆၈ ဒသမ ၃၆ တန်နှင့်ငါးရှဉ့် ၂၁ ဒသမ ၂၈ တန်တို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ မီးစက်၊ ပလတ်စတစ် အကြည်လိပ်၊ အလူမီနီယံတံခါးဘောင်၊ သွေးပေါင်ချိန်စက်၊ အစားအစာထုပ်ပိုးသည့် ရွှေရောင်/ ငွေရောင်စက္ကူ၊ ကွန်ကရစ်တိုင်ပြုလုပ်ရန် သံဖြင့်ပုံဖော်ထားသည့် ပုံစံခွက်၊ လိမ္မော်သီး၊ ပန်းသီးနှင့် ကော်ဖလင်တို့ဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှ ၁၅ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄၆၈ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၇၆၈ သန်းဖြစ်ပြီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၂၃၆ သန်းဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၄ ဒသမ ဝ၉၂၅ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

## အမှတ်တံဆိပ်ဖန်တီးခြင်းသိကောင်းစရာများ

မြန်မာနိုင်ငံတွင် အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ သီးသန့်ဥပဒေတစ်ရပ်အနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ ၂၀၁၉ အရ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ရရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (မှတ်ပုံတင်အရာရှိ) ထံလျှောက်ထားရမည်ဖြစ်သည်။

အမှတ်တံဆိပ်ကို ဖန်တီးရာတွင် မိမိ၏ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုကိုအခြားသောကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခွဲခြားသိရှိစေနိုင်သော အမှတ်အသားဖြစ်ရန် လိုအပ်ပါသည်။ အမှတ်တံဆိပ်ကို ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသောအစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့ အပါအဝင် မျက်စိဖြင့် မြင်တွေ့နိုင်သော အရာများ၊ ယင်းအမှတ်အသားတစ်ခုနှင့် တစ်ခုပေါင်းစပ်၍လည်း ဖန်တီးနိုင်မည်ဖြစ်သည်။

အမှတ်တံဆိပ် တစ်ခုကို ဖန်တီးရာတွင် အခြေခံအားဖြင့် စကားလုံးများ၊ ရုပ်ပုံများ (သို့မဟုတ်) ယင်းနှစ်မျိုးကို ပေါင်းစပ်၍ ဖန်တီးလေ့ရှိကြသည်။ စကားလုံးများ သက်သက်ဖြင့် ဖန်တီးပြုလုပ်ထားသော အမှတ်တံဆိပ်များကို Word Mark ဟု ခေါ်သည်။ ဥပမာ- SUPER STAR

ရုပ်ပုံဖြင့်ဖန်တီးထားသောအမှတ်တံဆိပ်များ ကို Figure or Logo Mark ဟုခေါ်သည်။

ဥပမာ-

စကားလုံးနှင့် ရုပ်ပုံနှစ်မျိုးလုံးဖြင့် ပေါင်းစပ်ဖော်ပြထားသော အမှတ်တံဆိပ် များကို (Combination of Word and Figure Mark)ဟု ခေါ်သည်။

ဥပမာ-

## တမူးမြို့နယ်စပ်တွင် ဖြစ်ပေါ်နေသော ကုန်သွယ်မှုနှင့် ကုန်ဈေးနှုန်းအခြေအနေ

တမူးကုန်သွယ်ရေးစခန်းအနေဖြင့် ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ ကုန်သွယ်မှုအခြေအနေမှာ ပို့ကုန်အနေဖြင့် စီးကရက်၊ နန့်ဖာလုံကုန်စုံ၊ CMP ဖိနပ်နှင့် ကွမ်းသီးတန်ချိန် ၂၈ ဒသမ ၈၀၀ တန် စုစုပေါင်း ပို့ကုန်တန်ဖိုး ၀ ဒသမ ၄၀၁ ဒေါ်လာသန်း တင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းတွင် ဓာတ်မြေဩဇာတန်ချိန် ၁၃၃၀ ဒသမ ၀၀ တန်နှင့် ဆံပင် တန်ချိန် ၇ ဒသမ ၀၂၀ တန် စုစုပေါင်း သွင်းကုန်တန်ဖိုး ၀ ဒသမ ၃၉၇ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။

ဇန်နဝါရီ ၁၆ ရက် ပြင်ပငွေလဲနှုန်းမှာ ၁ ဒေါ်လာ ၂၆၀၀ ကျပ်၊ ၁ ဒေါ်လာ ၈၁ ဒသမ ၂၆ ရူပီး၊ ၁ ရူပီး ၃၂ ကျပ်၊ ၁၀၀ ကျပ် ၃ ဒသမ ၁၃ ရူပီး ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

## မြိတ်မြို့၌ ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်လျက်ရှိ

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အတွင်း မြိတ်ဒေသမှ တစ်ဖက်ထိုင်းနိုင်ငံ ရနောင်းမြို့နှင့် ပရာကျွတ်ကရီခမ်မြို့သို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ရေလမ်းကြောင်းမှ ကြက်သွန်နီ ၇၅ ဒသမ ၂၄ တန်၊ ငါးမှုန့် တန် ၁၀၅၀ နှင့် ငါးအသားလွှာ ၅ တန်အား တင်ပို့နိုင်ခဲ့ပြီး ဒီဇယ်ဆီ တန်၁၉၅၀ တင်သွင်းခဲ့သည်။

ဇန်နဝါရီ ၁၆ ရက်တွင် ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၆ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သတင်း ရရှိသည်။

## ကြံရာသီချိန် ကြံသကာလုပ်ငန်းများ ဝင်ငွေကောင်းလျက်ရှိ

ယခုကာလသည် ကြံခုတ်သိမ်းချိန် ရာသီဖြစ်၍ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ ဘန်းပြင်းကျေးရွာ၊ မြေနီကုန်းကျေးရွာ၊ သိုက်ချောင်းကျေးရွာ၊ ခမ္မသော်ကျေးရွာ၊ ဂက်အစ်ကုန်းကျေးရွာနှင့် ကိုးအုံစုကျေးရွာများမှ ကြံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ကြံများကို သကြားစက်များသို့ တိုက်ရိုက်တင်ပို့ ရောင်းချခြင်းများရှိသကဲ့သို့ အချို့တောင်သူများမှာလည်း တစ်နိုင်တစ်ပိုင် ကြံသကာချက်လုပ်၍ ရောင်းချခြင်း၊ ကြံသကာပြုလုပ်သည့် ဖိုများသို့ ရောင်းချခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

ကြံသကာချက်လုပ်ရာတွင် ကြံတစ်တန်လျှင် အရည်ပုံး ၃၀ ရရှိကာ ၁၀ ဒယ်ချက်လုပ်ရရှိပြီး ကြံသကာပိဿာချိန် ၆၀ ထွက်ရှိကြောင်း သိရသည်။ ကြံတစ်တန်ချက်လုပ်မှု စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် ၉၈၅၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ရောင်းချရပြီး ဝင်ငွေအနေဖြင့် တစ်တန်လျှင် ငွေကျပ် ၁၂၀၀၀၀ ရရှိကြောင်း၊ ကြံတစ်တန် ချက်လုပ်မှုအတွက် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၂၁၅၀၀ ခန့်ရရှိကြောင်း၊ တစ်ရက်လျှင် လေးတန်ကျ ချက်လုပ်နိုင်သောကြောင့် တစ်ရက်ဝင်ငွေအနေဖြင့် ငွေကျပ် ၈၆၀၀၀ ခန့်ရရှိကြောင်း သိရသည်။

ယခုနှစ်ကြံစိုက်ပျိုးတောင်သူများအနေဖြင့် ကြံများရောင်းချရာတွင် သကြားစက်သို့အရောက် ကြံတစ်တန်လျှင် ငွေကျပ် ၇၅၀၀၀ ဈေးနှုန်းဖြင့် ရောင်းချရခြင်း၊ ကြံသကာချက်လုပ်ရောင်းချသူများအနေဖြင့် နေ့စဉ်ချက်လုပ်ခြင်း မရှိသော်လည်း ကျိုချက်သည့်ရက်များတွင် အကျိုးအမြတ် ငွေကျပ် ၈၀၀၀၀ ကျော်ခန့် ရရှိနေသည့်အတွက် ယခုနှစ် ကြံရာသီတွင် ကြံသကာလုပ်ငန်းများ ဝင်ငွေကောင်းလျက်ရှိနေကြောင်း ကြံချက်လုပ်သူတစ်ဦးထံမှ သိရသည်။

**DOCA(ပဲခူး)**

## မုံရွာမြို့အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံ ဈေးနှုန်း / ဈေးကွက် အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပြောင်းနီ၊ ကုလားပဲဈေးနှုန်းများ ဈေးငြိမ်၍ ပြောင်းဖူးစေ့ CP၊ ပဲစင်းငုံ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး ဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး ကုလားပဲ 929 နှင့် မတ်ပဲ ဈေးနှုန်း အနည်းငယ်ကျဆင်းသွားသည်။

ယခုတစ်ပတ်အတွင်း ဈေးနှုန်းများအနေဖြင့် ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၅၄၅၀၀၊ မတ်ပဲ ငွေကျပ် (၅၂၅၀၀–၅၃၅၀၀)၊ ပဲတီစိမ်း(ကြီး) ငွေကျပ် ၄၆၅၀၀နှင့် ပဲတီစိမ်း(သေး) ငွေကျပ် ၃၆၅၀၀ ပေါက်ဈေးရှိခဲ့ပြီး ယခင်တစ်ပတ် ဈေးနှုန်းများအနေဖြင့် ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၅၃၈၀၀၊ မတ်ပဲ တစ်တင်းလျှင် ငွေကျပ် (၅၃၀၀၀–၅၄၀၀၀)နှင့် ပဲတီစိမ်း(ကြီး) တစ်တင်းလျှင် ငွေကျပ် (၄၂၀၀၀–၄၅၅၀၀)၊ ပဲတီစိမ်း(သေး) တစ်တင်းလျှင် ငွေကျပ် ၃၅၅၀၀ ပေါက်ဈေး အသီးသီးရှိကြသည်။ ယခင်တစ်ပတ်အတွင်း ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၇၀၀၊ ပဲတီစိမ်း (သေး)/(ကြီး) တစ်တင်းလျှင် ငွေကျပ် ၁၀၀၀ နှုန်း မြင့်တက်သွားပြီး မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၅၀၀ ကျဆင်းသွားကြောင်း သိရသည်။

ကုလားပဲ(မျိုးစုံ)တွင် ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် ငွေကျပ် ၆၂၀၀၀၊ ကုလားပဲဖြူလုံးသေး(သစ်) တစ်တင်းလျှင် ငွေကျပ် ၆၂၀၀၀၊ ကုလားပဲ 929 (သစ်) ငွေကျပ် ၅၉၀၀၀ ပေါက်ဈေးရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် ငွေကျပ် ၆၂၀၀၀၊ ကုလားပဲဖြူလုံးသေး(သစ်) ငွေကျပ် ၆၂၀၀၀ ၊ 929 (သစ်) ၆၀၀၀၀ ကျပ် ပေါက်ဈေးရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲဖြူလုံးသေး ဈေးနှုန်းများ ဈေးငြိမ်နေပြီး 929 မျိုး တစ်တင်းလျှင် ငွေကျပ် ၁၀၀၀ ကျဆင်းနေကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ပြောင်းနီတစ်တင်းလျှင် ငွေကျပ် ၂၁၀၀၀၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ငွေကျပ် ၂၀၅၀၀ ပေါက်ဈေးရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းများမှာ ပြောင်းနီ တစ်တင်းလျှင် ငွေကျပ် ၂၁၀၀၀၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ ရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပြောင်းနီဈေးငြိမ်နေပြီး ပြောင်းဖူးစေ့ CP အနည်းငယ် မြင့်တက်လာကြောင်း သတင်းရရှိသည်။

**ဓေယျာကုန်သွယ်မှုဗဟိုဌာန**

# ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့ တိုကျိုအနီး ၁၁ ရက်ကြာ လေကြောင်းစစ်ရေးလေ့ကျင့်မှု ပထမဆုံးအကြိမ်စတင်

တိုကျို ဇန်နဝါရီ ၁၆

ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သည် တိုကျိုအနီး ပထမဆုံးပူးတွဲလေကြောင်းစစ်ရေး လေ့ကျင့်မှုများကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ကြောင်း၊ ၁၁ ရက်ကြာ ပြုလုပ်မည့် အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံမှ ဂျက်တိုက်လေယာဉ်ရှစ်စင်း၊ အိန္ဒိယနိုင်ငံမှ တိုက်လေယာဉ်လေးစင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် နှစ်စင်း၊ ဝေဟင်ဆီဖြည့် လေယာဉ်တစ်စင်းတို့ ပါဝင်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။


အိန္ဒိယလေတပ်မှ ဆူခွိုင်း Su-30 တိုက်လေယာဉ်တစ်စင်း ဂျပန်လေတပ်အခြေစိုက်စခန်းသို့ ဇန်နဝါရီ ၁၀ ရက်က ဆိုက်ရောက်လာစဉ်။

တိုကျိုအရှေ့မြောက်ဘက် အီဗရာကီဒေသရှိ ယာကူရီ လေတပ်အခြေစိုက်စခန်း၌ ကျင်းပသွားမည်ဖြစ်ပြီး အိန္ဒိယလေတပ်မှ ဝန်ထမ်း ၁၅၀ ဝန်းကျင်ခန့် ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်ရန် ၂၀၁၉ ခုနှစ်က ဂျပန်နှင့် အိန္ဒိယတို့၏ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ကြား သဘောတူညီထားခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားသည့်အတွက် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သည် ဩစတြေးလျ၊ အမေရိကန်နိုင်ငံတို့နှင့်အတူ Quad အဖွဲ့ဝင်နိုင်ငံများလည်းဖြစ်သည်။ ဒီဇင်ဘာလတွင် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ၂၀၂၇ ခုနှစ်တွင် နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းအထိ နှစ်ဆတိုးမြှင့် သုံးစွဲသွားရန် ပြောကြားခဲ့သည်။ ထို့ပြင် ပြီးခဲ့သည့် သီတင်းပတ်ကလည်း ဂျပန်နိုင်ငံသည် ဗြိတိန်နိုင်ငံနှင့် ကာကွယ်ရေး သဘောတူညီချက်အသစ်ကို လက်မှတ်ရေးထိုးခဲ့သည်။

**အေအက်ဖ်ပီ**

# နီပေါ ပျက်ကျခရီးသည်တင်လေယာဉ်၏ ဘလက်ဘောက်စ်ကို ရှာဖွေတွေ့ရှိပြီဟုဆို

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၆**

နီပေါ ပျက်ကျခရီးသည်တင်လေယာဉ်၏ ဘလက်ဘောက်စ် (လေယာဉ်ပျံသန်းမှုမှတ်တမ်း)ကို ဇန်နဝါရီ ၁၆ ရက်တွင် ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မကြာသေးမီက ဘလက်ဘောက်စ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နီပေါလေကြောင်း အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျဂန်နတ် နီရူလာက ဆင်ဟွာသို့ ပြောသည်။ နီပေါနိုင်ငံအလယ်ပိုင်း ခရီးသွား အသွားအလာများသော နေရာတစ်ခုဖြစ်သည့် ပေါ့ခ်ဟာရာအနီး ဇန်နဝါရီ ၁၅ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျမှု ဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသော လူလေးဦးအနက် တစ်ဦးပြန်လည်တွေ့ရှိပြီး ကျန်ရှိနေသော သုံးဦးကို ကယ်ဆယ်ရေးသမားများက ဆက်လက် ရှာဖွေလျက်ရှိကြောင်း သိရသည်။


ခရီးသည်တင်လေယာဉ် ပျက်ကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးသမားများက သေဆုံးသူတစ်ဦး၏ ရုပ်အလောင်းကို ဆွဲထုတ်နေစဉ်။

ယက်တီလေကြောင်းလိုင်းမှ လေယာဉ်သည် ခရီးသည် ၆၈ ဦးနှင့် အမှုထမ်းလေးဦးတင်ဆောင်ပြီး ခတ္တမန္ဒူမှ ပေါ့ခ်ဟာရာသို့ ဦးတည်ပျံသန်းထွက်ခွာလာစဉ် ဆက်တီမြစ်ချောင်းအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းနှင့် ဇန်နဝါရီ ၁၅ ရက်တွင် လေယာဉ်ပျက်ကျနေရာမှ ရုပ်အလောင်း ၆၈ ခုကို ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပေါ်တွင် နိုင်ငံခြားသား ၁၅ ဦး လိုက်ပါသွားခဲ့ကြောင်း နီပေါလေကြောင်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁၆ ရက်ကို အများပြည်သူရုံးပိတ်ရက်အဖြစ် နီပေါအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် လေယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန်အတွက် ငါးဦးကော်မတီ ဖွဲ့စည်းရန်လည်း ဆုံးဖြတ်ခဲ့သည်။

နီပေါနိုင်ငံသမိုင်းတွင် အဆိုပါ လေယာဉ်ပျက်ကျမှုသည် လွန်ခဲ့သည့် ဆယ်စုနှစ် သုံးစုအတွင်း အဆိုးရွားဆုံး ပျက်ကျမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ **ဆင်ဟွာ**

# ကျန်းမာရေးစောင့်ရှောက်မှုတွင် ပူးပေါင်းဆောင်ရွက်ရန် လစ်ဗျားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဆွေးနွေး

**ထရီပိုလီ ဇန်နဝါရီ ၁၆**

လစ်ဗျားဒုတိယဝန်ကြီးချုပ်နှင့် ခေတ္တကျန်းမာရေးဝန်ကြီး ရာမဒန် အဘူဂျနတ်သည် ဇန်နဝါရီ ၁၆ ရက်က လစ်ဗျားနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်နှင့် နှစ်နိုင်ငံကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် လစ်ဗျားနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ထောက်ပံ့ပေးရန်နှင့် ဝေးလံခေါင်ဖျားသောဒေသများရှိ ဆေးရုံများတွင် အင်ဒိုနီးရှားဆေးဘက်ဆိုင်ရာဝန်ထမ်းများ ခေါ်ယူခြင်းကိုပံ့ပိုးပေးရန် ဆွေးနွေးခဲ့ကြကြောင်း အစိုးရက ပြောသည်။

ထို့နောက် နိုင်ငံတကာကုမ္ပဏီများမှတစ်ဆင့် ဆေးဝါးများတင်ပို့ရာတွင် လစ်ဗျားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပြင်းပြသောဆန္ဒရှိကြောင်း လစ်ဗျားနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ် ဒီဒီရီဖိုင်က အလေးပေးပြောသည်။ စီမံချက် ၂၀ နီးပါးတွင် အင်ဒိုနီးရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ကြိုးပမ်းနေကြောင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆိုင်ရာ ဒါရိုက်တာများ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဖြစ်သူ ဂျမဲလ် အလာကူချီက ပြောသည်။ **ဆင်ဟွာ**



# ဆီနီဂေါနိုင်ငံမြောက်ပိုင်း၌ ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်တိုက်မိ

ဒါကာ ဇန်နဝါရီ ၁၆

ဆီနီဂေါနိုင်ငံ မြောက်ပိုင်း၌ ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီး တိုက်မိရာ ၁၉ ဦး သေဆုံး၊ ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း ပြည်တွင်းမီဒီယာများက ထုတ်ပြန်သည်။ လော်ဂါဒေသရှိ ဆာကယ်အနီးတွင်ဖြစ်ပွားသည့် အဆိုပါယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။ ဆီနီဂေါနိုင်ငံအလယ်ပိုင်း ကက်ဖ်ရင်းဒေသ၌ ဇန်နဝါရီ ၈ ရက်ကလည်း ဘတ်စ်ကားနှစ်စီးတိုက်မှုဖြစ်ပွားခဲ့ရာ ၄၂ ဦး သေဆုံးခဲ့သည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံအနှံ့ ပိုလီယိုရောဂါ ပပျောက်ရေးလှုပ်ရှားမှု စတင်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၆**

ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ဇ်ရှာရစ်သည် ပိုလီယိုရောဂါ ပြန်လည်ဖြစ်ပွားလာမှုကို ကျော်လွှားနိုင်ရန် ကြိုးပမ်းအားထုတ်သည့်အနေဖြင့် ဇန်နဝါရီ ၁၅ ရက်က စတင်၍ ပါကစ္စတန်နိုင်ငံအနှံ့ သုံးရက်ကြာ ပိုလီယိုရောဂါ ပပျောက်ရေး လှုံ့ဆော်လှုပ်ရှားမှုကို စတင်ခဲ့ကြောင်း သိရသည်။



အမျိုးသားရေးစုပေါင်းကြိုးစားမှုဖြင့် ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအားလုံးက ဖက်ဒရယ်အစိုးရနှင့်အတူ ရောဂါလုံးဝကင်းစင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ကံမကောင်းစွာဖြင့် ပိုလီယိုရောဂါပြန်လည်ဖြစ်ပွားသည့် နိုင်ငံများထဲတွင် ပါကစ္စတန်နိုင်ငံလည်း ပါဝင်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ခိုင်ဘာပခ်ွတွန်ခါဝါပြည်နယ် အနောက်မြောက်ဘက် ဝါဇီရီစတန်ခရိုင်၌ ပိုလီယိုရောဂါဖြစ်ပွားသူ ၂၀ ခန့်ရှိကြောင်း ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း ပြည်တွင်းထူးခြားဖြစ်စဉ်သတင်းများ

၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများစွာတို့တွင် ထူးခြားဖြစ်စဉ်များကို မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြခဲ့မှုများအနက်မှ ကောက်နုတ်စုစည်း ဖော်ပြအပ်ပါသည်။

*(ယမန်နေ့မှအဆက်)*

ဇွန် ၃၀

### ချောက်/လမ်းရွာရေနံမြေ CDT-15တွင်းသစ်စတင်တူးဖော်

မကွေးတိုင်း ဒေသကြီး ချောက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ချောက်/လမ်းရွာ ရေနံမြေ ဖိုကုန်းဒေသတွင် ပေနက်တွင်းအမှတ် CDT-15 တွင်းသစ်ကို ဇွန် ၃၀ ရက်က စတင်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့သည်။ တွင်းအမှတ် CDT-15 ကို စွမ်းအင်ဝန်ကြီးဌာနပိုင် ZJ 70L SR 1 တွင်းတူးစက်ဖြင့် ရည်မှန်းအနက်ပေ ၇၈၀၀ အထိ တူးဖော်ခဲ့ခြင်းဖြစ်ပြီး အောင်မြင်စွာ တူးဖော်ပြီးစီးပါက တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ သန်း ၅ သိန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဇူလိုင် ၁

### အာဆီယံအထူးကိုယ်စားလှယ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံ

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr. Prak Sokhonn နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၇)ဖွဲ့တို့သည် ဇူလိုင် ၁ ရက်က နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဇူလိုင် ၃

### ချူအင်လိုင်းတန်ဆောင်း ပြန်လည်ဖွင့်လှစ်

ချူအင်လိုင်းတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံ တရားဝင် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၃ ရက်က ပုဂံညောင်ဦး ယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော် ပရိဝုဏ်အတွင်းရှိ ချူအင်လိုင်းတန်ဆောင်း၌ ကျင်းပခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့က တန်ဆောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဇူလိုင် ၄

### ထူးချွန်ကျောင်းသားကျောင်းသူများ၏ ထိုင်းနှင့် စင်ကာပူခရီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာ ဘာသာတွဲ၊ သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲများတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးသည် ကြီးကြပ်သူ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြသည်။

ဇူလိုင် ၅

### ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော် (ကြည်း၊ ရေ၊ လေ) လေ့ကျင့်ခန်းများကို ဇူလိုင် ၁ ရက်မှစ၍ မြန်မာ့ရေပိုင်နက် ရခိုင်ကမ်းရိုးတန်းရေပြင်အတွင်း ဆောင်ရွက်ခဲ့ရာ တပ်မတော် (ရေ)မှ တိုက်ခိုက်ရေး ရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲသိန်ခ်ု) နှင့် (မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield-2022) အား လေ့ကျင့်ဆောင်ရွက်ခဲ့သည်။

ဇူလိုင် ၆

### ပိဋကတ်သုံးပုံကို ပါဠိ(မြန်မာ၊ ရိုမန်) နှစ်ဘာသာဖြင့် ရိုက်နှိပ်

ဆဋ္ဌသင်္ဂါယနာတင်မူ ပိဋကတ်သုံးပုံကျမ်းစာများကို ပါဠိ(မြန်မာ၊ ရိုမန်) နှစ်ဘာသာဖြင့် နိုင်ငံတကာကျမ်းစာများ အဆင့်မီရိုက်နှိပ်ထုတ်ဝေနိုင်ရေး ပုံနှိပ်စက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၆ ရက်က သီရိမင်္ဂလာ ကမ္ဘာ့အေးကုန်းမြေသာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်ဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ(မြင်းခြံ)က စာပုံနှိပ်စက် စတင်လည်ပတ်နိုင်ရေးအတွက် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ဇူလိုင် ၇

### နိုင်ငံတော်ပတ္တမြား (နစက ပတ္တမြား)

တပ်မတော်မှ နိုင်ငံတော်သို့ ၂၇၉၉ ဒသမ ၂၅ ကာရက်ရှိ ပတ္တမြားကြီး လှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင် ၇ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။ ထိုပတ္တမြားကြီးကို နိုင်ငံတော်ပတ္တမြား (နစကပတ္တမြား) အဖြစ် ဂုဏ်ပြုသတ်မှတ် ခေါ်ဝေါ်မည်ဖြစ်သည်။ အဆိုပါ ပတ္တမြားကြီးသည် မာခြင်း အဆင့် ၉ သိပ်သည်းဆ ၃ ဒသမ ၉၉ ရှိကာ အရောင်မှာ ခရမ်းရောင်အနည်းငယ်သန်းသည့် အနီရောင်ဖြစ်ပြီး မိုးကုတ်ရတနာနယ်မြေမှထွက်ရှိသည့် အရွယ်အစားကြီးမား၍ ရှားပါးခြင်းကြောင့် ထူးခြားသည့် ပတ္တမြားကြီး ဖြစ်သည်။



ဇူလိုင် ၁၀

### နှလုံးနှင့် နှလုံးသွေးကြောခွဲစိတ်ကုသဌာန၏ ခွဲစိတ်ကုသမှုများ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်နှလုံးသွေးကြောခွဲစိတ်ကုသဌာနတွင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ဇွန်လအထိ ရင်ခေါင်းဖွင့်၍ ဆောင်ရွက်သည့် ခွဲစိတ်ကုသမှုများဖြစ်သော နှလုံးအဆို့ရှင်ပြုပြင်ခြင်းနှင့် လဲလှယ်ခြင်းဆိုင်ရာ ခွဲစိတ်ကုသမှုအကြိမ် ၃၀၊ မွေးရာပါနှလုံးရောဂါ ခွဲစိတ်ကုသမှု ၂၆ ကြိမ်၊ နှလုံးသွေးကြော အစားထိုးခြင်းခွဲစိတ်ကုသမှု ၄၉ ကြိမ်၊ အဓိကသွေးလွှတ်ကြော ခွဲစိတ်ကုသမှု ၈ ကြိမ်တို့အပြင် သွေးကြောအစားထိုးခြင်း၊ ခွဲစိတ်ကုသ၍ ပြုပြင်ခြင်း ၈၆ ကြိမ်၊ နှလုံးအမြှေးပါးသွေးယိုစီးခြင်း ကုသမှု၊ အဓိကသွေးလွှတ်ကြော အရေးပေါ်ခွဲစိတ် ကုသမှုအပါအဝင် အရေးပေါ်ခွဲစိတ်ကုသမှု ၁၅၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

### ပိုလီယိုရောဂါနှင့် ဝက်သက်ရောဂါပပျောက်ရေး

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်၌ ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါ လုံးဝကင်းစင်ပပျောက်ရေးရည်မှန်းချက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှဒေသတွင်း ဝက်သက်ရောဂါအား ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ လျော့ချနည်းပပျောက်ရေး ရည်မှန်းချက် အောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဇူလိုင် ၁၂ရက်က ကျင်းပသည့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ အားဖြည့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြောကြားခဲ့သည်။

ဇူလိုင် ၂၆

### တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်စတင်

၂၀၂၂ ခုနှစ်သြဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် စွဲဆိုသည့် တရားမမှုများနှင့်စပ်လျဉ်း၍ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို စတင်ကျင့်သုံးမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ်ရုံးက ဇူလိုင် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ခဲ့သည်။

သြဂုတ် ၂

### ဆင်ဖြူတော် ပေါ်ထွန်း

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းမှ ထိန်းကျောင်းထားရှိသော ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ထူးခြားအသွင်သဏ္ဌာန်ရှိသည့် ဆင်ဖြူတော် (အထီး)ကလေး (၁) စီးအား ၂၃-၇-၂၀၂၂ ရက်နေ့ နံနက်ပိုင်း မင်္ဂလာအချိန် ဝ၆:၃၀ နာရီတွင် မွေးဖွားခဲ့သည်။ ယင်း ဆင်ဖြူတော်ကလေးမှာ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ အချက် ၈ ချက်တွင် ၇ ချက် ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

သတင်းအဖွဲ့- စုစည်းတင်ပြသည်

သြဂုတ် ၂၁

### မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ပထမဆုရ

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် သြဂုတ် ၁၅ ရက်မှစတင်၍ ကျင်းပခဲ့သည့် International Army Games-2022 ပြိုင်ပွဲတွင် ပါဝင်သော တင့်ကား မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Tank Crews Competition) Division-2 သို့ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ထိုက်တန်စွာ ရယူနိုင်ခဲ့သည်။ ထို့အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ၂၀၂၂ ခုနှစ် သြဂုတ်လအတွင်းကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် မြန်မာ့တပ်မတော် ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဗိုလ်လောင်းများသည် ပြိုင်ပွဲတွင် အားကစားအမျိုးအစား ခုနစ်မျိုးရှိသည့်အနက် သုံးမျိုးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ရှိသည့်အနက်တွင် နိုင်ငံအလိုက် အဆင့် ၈ နေရာ ရရှိခဲ့သည်။

စက်တင်ဘာ ၆

### အာကာသစခန်းတွင် မြန်မာနိုင်ငံအလံချိတ်ဆွဲ ဂုဏ်ပြု

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ပါဝင်တက်ရောက်ကြသည့် နိုင်ငံ့ခေါင်းဆောင်များကို ဂုဏ်ပြုသောအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ တရုတ်နိုင်ငံတို့၏ အလံများကို စက်တင်ဘာ ၆ ရက်က နိုင်ငံတကာအာကာသစခန်းတွင် ရုရှားအာကာသယာဉ်မှူးများက ချိတ်ဆွဲဂုဏ်ပြုခဲ့သည်။



စက်တင်ဘာ ၂၁

### မြန်မာနိုင်ငံ အရှည်ဆုံးတောတွင်း ဖြတ်လျှောက်လမ်းတံတား

ဧလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို လေ့လာလည်ပတ်သူများအနေဖြင့် ကျွန်းသစ်လုံး တိုင်ပေါင်း ၉၂၅တိုင်ဖြင့် တည်ဆောက်ထားသည့် မြန်မာနိုင်ငံတွင် အရှည်ဆုံးတောတွင်း ဖြတ်လျှောက် လမ်းတံတားကိုပါ လေ့လာလည်ပတ်နိုင်ပြီဖြစ်သည်။ ယင်းတံတားသည် တစ်မိုင်နီးပါး ရှည်လျား၍ မြန်မာနိုင်ငံရှိ သစ်သားတံတားများတွင် အရှည်ဆုံးဖြစ်သည်။

စက်တင်ဘာ ၂၇

### တပ်မတော်တွင် ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသ

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်ခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်တွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို စက်တင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိအထူးကုသမှုစင်တာ၌ ပြုလုပ်သည်။ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး သူရိန်ကျော်မြင့်တို့ ဦးစီးသော ခွဲစိတ်ပါရဂူအဖွဲ့၊ ပါမောက္ခဗိုလ်မှူးကြီး ဒေါ်ယုအေးလတ် ဦးစီးသော မေ့ဆေးနှင့် အထူးကြပ်မတ်ကုသမှုအဖွဲ့တို့နှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Apollo Hospital မှ အသည်းအစားထိုးခွဲစိတ်ဆရာဝန်ကြီး Dr. Neerav Goyal ဦးဆောင်သော အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့က ဆောင်ရွက်ခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*



ဆင်ဖြူတော် ကြန်အင်လက္ခဏာများနှင့် ကိုက်ညီသော ပထမဆုံး ရတနာဆင်ဖြူတော်။

# ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း နိုင်ငံတကာထူးခြားဖြစ်စဉ်သတင်းများ

**၂၀၂၂ ခုနှစ်သည် အခြားသောနှစ်များနှင့်မတူဘဲ ပါကစ္စတန်နိုင်ငံတွင် ပြင်းထန်သည့် ရေကြီးရေလျှံမှုမှ စံချိန်တင် အပူလှိုင်းကျရောက်သည်အထိ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း အဖြစ်အပျက်အပြောင်းအလဲများစွာဖြင့် ပြည့်နှက်နေခဲ့ပါသည်။ သဘာဝဘေးကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုထူးခြားဖြစ်စဉ်များကို စုစည်းဖော်ပြအပ်ပါသည်။**

*(ယမန်နေ့မှအဆက်)*

**မတ်**

## ဘရာဇီးရေကြီးမှု သေဆုံးသူ ၂၃၃ ဦးရှိ

ဘရာဇီးမြို့တော် ပီထရိုပိုလစ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် ရေကြီးခြင်းနှင့် ရွှံ့နွံပြိုဆင်းမှုများဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၂၃၃ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများအတွက် အောက်မေ့ဖွယ်အခမ်းအနားကို အသက်ရှင်ကျန်ရစ်သူများနှင့် သေဆုံးသူများ၏ ဆွေမျိုးနီးစပ်သူများက ကျင်းပခဲ့ကြသည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် နောက်ထပ် မြေပြိုကျနိုင်မှုအခြေအနေကို စိုးရိမ်လျက်ရှိသည့် ဒေသခံ ၁၄၉ ဦး သက်ဆိုင်ရာအာဏာပိုင်များက စီစဉ်ပေးခဲ့သည့် ယာယီနားခိုနေရာများတွင် ရွှေ့ပြောင်းနေထိုင်ခဲ့သည်။

**ဧပြီ**

## ဖိလစ်ပိုင်အပူပိုင်းမုန်တိုင်း မက်ဂီကြောင့် လူပေါင်း ၂၁၄ ဦးထက်မနည်း သေဆုံး

အပူပိုင်းမုန်တိုင်း မက်ဂီသည် ဖိလစ်ပိုင်နိုင်ငံကို ဧပြီ ၁၀ ရက်က ဝင်ရောက်ခဲ့သည်။ အပူပိုင်းမုန်တိုင်း မက်ဂီဝင်ရောက်ခဲ့သောကြောင့် လူပေါင်း ၂၁၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး နောက်ထပ် ၁၁၀ ပျောက်ဆုံးလျက်ရှိကာ လူပေါင်း ၁ ဒသမ ၉ သန်း ဆိုးရွားစွာ သဘာဝဘေးသင့်ခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်အေဂျင်စီက ထုတ်ပြန်ကြေညာခဲ့သည်။ မက်ဂီသည် ယခုနှစ်အတွင်း ပျက်စီးမှုအပြင်းထန်ဆုံး အပူပိုင်း မုန်တိုင်းဖြစ်ခဲ့သည်။



**ဧပြီ**

## တောင်အာဖရိကအရှေ့ပိုင်းရေကြီးမှု ၄၆၁ ဦးခန့်သေဆုံး

၂၀၂၂ ခုနှစ် ဧပြီလအစောပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများနှင့် မြေပြိုမှုများသည် တတိယလူဦးရေအများဆုံးမြို့ဖြစ်သည့် တောင်အာဖရိကအရှေ့ပိုင်း ဒါဗန်ဒေသအပါအဝင် ကိဇ်တွင် ဖြစ်ပွားခဲ့သောကြောင့် လူပေါင်း ၄၆၁ ဦးခန့်သေဆုံးခဲ့ကြောင်း အစိုးရ၏ တရားဝင်သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါသဘာဝဘေးကြောင့် လူပေါင်း ၇၀ ဆက်လက်ပျောက်ဆုံးလျက်ရှိပြီး လူထောင်ချီ အိမ်ရာမဲ့ဖြစ်ခဲ့သည်။

**ဇွန်မှ စက်တင်ဘာ**

## အိန္ဒိယရေကြီးမှုကြောင့် လူပေါင်း ၁၉၂ ဦးသေဆုံး

အိန္ဒိယနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇွန်လမှ အောက်တိုဘာလအထိ မုတ်သုံရာသီ ရေကြီးမှုဖြစ်စဉ်များအတွင်း လူပေါင်း ၁၉၂ ဦး သေဆုံးခဲ့သည်။ ယမန်နှစ်များနှင့်မတူဘဲ မိုးရေချိန်သည် သာမန်ထက်ပိုခဲ့သည်။ ရေကြီးမှုအဆိုးဆုံး ခံစားခဲ့ရသော ပြည်နယ်မှာ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်ဖြစ်သည့် အာသံပြည်နယ်ဖြစ်သည်။ အဆိုပါဒေသတွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူပေါင်း ၁၉၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

**ဇွန်မှ နိုဝင်ဘာ**

## နိုင်ဂျီးရီးယားရေဘေးကြောင့် ၆၁၂ ဦးထက်မနည်း သေဆုံး

၂၀၂၂ ခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိ ရှိသော နိုင်ဂျီးရီးယား မိုးရာသီသည် ဆယ်စုနှစ်တစ်စုကျော်အတွင်း သေဆုံးမှုအများဆုံးကို ဖြစ်စေခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံတစ်ဝန်း လူပေါင်း ၆၁၂ ဦးထက်မနည်းသေဆုံးခဲ့သည်။ ထို့အတူ လူပေါင်း ၁ ဒသမ ၄ သန်းကျော် နေရပ်စွန့်ခွာပြောင်းရွှေ့ခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ဂျီးရီးယားနှင့် အာဖရိကအနောက်ပိုင်း အခြားနေရာများ၏ ရေကြီးမှုသည် အဆ ၈၀ ဖြစ်နိုင်ခြေပိုများသည်။

**ဇွန်မှ အောက်တိုဘာ**

## ပါကစ္စတန် ရေဘေး လူ ၁၇၃၉ ဦး သေဆုံး

ပါကစ္စတန်နိုင်ငံ၏ ၂၀၂၂ မိုးရာသီသည် ယခင်နှစ်များနှင့်မတူ သိသာထင်ရှားသည့် ရေကြီးရေလျှံဖြစ်စဉ်များနှင့် မြေပြိုမှုများကြောင့် လူသန်းချီ ဒုက္ခရောက်ခဲ့သည်။ ရေကြီးရေလျှံဖြစ်မှုသည် လူဦးရေ ၁၅ ရာခိုင်နှုန်းရှိသည့် နိုင်ငံ၏ ပြည်နယ်လေးခုတွင် ဖြစ်ပွားခဲ့သည်။

ရေကြီးရေလျှံဖြစ်စဉ်ကြောင့် ဆင်းဒ်ပြည်နယ်တွင် လူပေါင်း ၈၉၀၀၀ ခန့် နေအိမ်စွန့်ခွာခဲ့ကြရသည်။ သဘာဝဘေးပြန်လည်ထူထောင်ရေးနှင့် လူများကို ၎င်းတို့ဘဝပြန်လည်တည်ဆောက်နိုင်ရေး ကူညီမှုများဆောင်ရွက်ပေးနေစဉ် တစ်ဖက်တွင်လည်း ရေကြီးမှုဖြစ်စဉ် တစ်ခုတည်းမဟုတ်ဘဲ ဆောင်းအဝင်နှင့် အအေးဓာတ်လွန်ကဲမှုတို့ကြောင့် အရေးပေါ်ထောက်ပံ့မှုများ အပူတပြင်းလိုအပ်လျက်ရှိသည်။

ပါကစ္စတန်အာဏာပိုင်များက ၂၀၂၂ ခုနှစ်ရေဘေးသည် ၂၀၁၀ ပြည့်နှစ်ထက် ပိုဆိုးကြောင်း ပြောခဲ့သည်။ ၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော ရေဘေးကြောင့် လူပေါင်း ၁၇၀၀ သေဆုံးခဲ့ပြီး နိုင်ငံတကာတုံ့ပြန်ဆောင်ရွက်မှုများကို ညှိနှိုင်းလုပ်ဆောင်ခဲ့ကြသည်။ ထိုအချိန်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အဆိုပါသဘာဝဘေးသည် မိမိမြင်ဖူးသမျှတွင် အဆိုးဆုံးဖြစ်ကြောင်း ပြောခဲ့သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ရေဘေးသင့်ဒေသများသို့ သွားရောက်လေ့လာခဲ့စဉ်က ကမ္ဘာပေါ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘာဝဘေးဒုက္ခအမြောက်အမြားကို တွေ့ကြုံခဲ့ဖူးကြောင်း၊ သို့သော်လည်း ယခုကဲ့သို့ ပမာဏကြီးကြီးမားမား မတွေ့ခဲ့ဖူးကြောင်း ပြောကြားခဲ့သည်။

ရေဘေးသင့်မှုကြောင့် လူပေါင်း ၁၇၃၉ ဦးသေဆုံးခဲ့ပြီး ဆုံးရှုံးပျက်စီးမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော်ရှိသည်။ လူရှစ်သန်းနီးပါး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့သည်။ ၎င်းတို့အားလုံး ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှု ကင်းမဲ့လျက်ရှိသည်။

**နိုဝင်ဘာ**

## မိုးခေါင်ရေရှားခြင်းက အရှေ့အာဖရိကရှိ လူပေါင်း ၂၀၀ ကျော် သေဆုံးမှုဖြစ်

အရှေ့အာဖရိကနေရာအများစုတွင် နှစ်ပေါင်း ၄၀ အတွင်း မိုးခေါင်ရေရှားမှုအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သောကြောင့် လူသန်းချီ အငတ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသည်။ ကိန်းဂဏန်းဖော်ပြမှု ကွာခြားချက်များကြောင့် ယူဂန္ဓာအရှေ့မြောက်ပိုင်းတွင် အစာငတ် သေဆုံးသူ ၂၀၀ ကျော်ရှိကြောင်း သိရသည်။ မိုးခေါင်ရေရှားဖြစ်စဉ်ကြောင့် ၃၆ စက္ကန့်လျှင် လူတစ်ဦးနှုန်း သေဆုံးလျက်ရှိကြောင်း သိရသည်။ တချို့ဒေသများတွင် ကောက်ပဲသီးနှံထုတ်လုပ်မှု ထက်ဝက်ခန့်ကျဆင်းခဲ့ပြီး ၂၀၂၃ ခုနှစ်အထိ အာဟာရချို့တဲ့မှုအဆင့်သတ်မှတ်ချက် မြင့်မားလျက်ရှိနိုင်သေးကြောင်း ဥရောပကော်မရှင်က ပြောသည်။



**နိုဝင်ဘာ**

## အင်ဒိုနီးရှား၌ ငလျင်လှုပ်ခတ်

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က ငလျင်ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုသည် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနောက်ဘက်ကမ်းရိုးတန်း ဂျီအန်ဂျာဒေသတွင် ဒေသစံတော်ချိန် ၁ နာရီခွဲက လှုပ်ခဲ့သည်။ ငလျင်ဗဟိုချက်သည် အနက် ၆ ဒသမ ၂ မိုင်ခန့်သာရှိသည်။ အဓိကငလျင်ကြီးလှုပ်ပြီးနောက် ပြင်းအားအမျိုးမျိုးရှိသော ငလျင်ငယ်ရာပေါင်းများစွာ လှုပ်ခတ်ခဲ့သောကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့သည်။

ငလျင်လှုပ်ခတ်မှုကို ဂျီအန်ဂျာအနီးဝန်းကျင်ရှိ မြို့များသာမက ၎င်း၏ အနောက်မြောက်ဘက် မိုင် ၆၀ အကွာရှိ ဂျကာတာမြို့ပါ ခံစားခဲ့ရသည်။

ရက်ပေါင်းအနည်းငယ်ကြာပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ တချို့သူများမှာ ၎င်းတို့၏အိမ်အောက်တွင် မြေကြီးများဖြင့် ဖုံးလွှမ်းနစ်မြုပ်သေဆုံးလျက်ရှိပြီး အခြားသူများမှာ မြေပြိုမှုများကြောင့် အသက်သေဆုံးခဲ့ကြသည်။ အဆိုပါငလျင်ကြောင့် လူပေါင်း ၃၃၄ ဦးဝန်းကျင် သေဆုံးခဲ့သည်။

**နိုဝင်ဘာ**

## လေဆင်နှာမောင်း အမေရိကန် တောင်ပိုင်း မြေပြန့်ဒေသများတွင် တိုက်ခတ်



နိုဝင်ဘာ ၄ ရက်နှင့် ၅ ရက်များတွင် လေဆင်နှာမောင်း ၃၀ ကျော် တက္ကဆက်အရှေ့မြောက်ပိုင်း၊ အိုကလာဟိုးမား အရှေ့တောင်ပိုင်း၊ အာကန်ဆက်စ် အနောက်တောင်ပိုင်း၊ လူဝီစီးယားနား အနောက်မြောက်ပိုင်း ဒေသများတွင် တိုက်ခတ်ခဲ့သည်။ ပြင်းထန်သော မိုးကြိုးမုန်တိုင်းများကြောင့်လေဆင်နှာမောင်းကို ဖြစ်ပေါ်စေပြီး အဆိုပါလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် နိုင်ငံတစ်ဝန်း လူပေါင်း ၂၈ သန်းခန့် လေဘေးသင့်ခဲ့သည်။

လေဆင်နှာမောင်းကိုညဘက်အချိန်တွင် ဖြစ်ပွားမည်ကို နေ့ပိုင်းတွင် ဖြစ်ပွားမည်ထက် ပိုမိုစိုးရိမ်လျက်ရှိသည်။ ညအချိန်ဖြစ်ပွားသော လေဆင်နှာမောင်းများသည် နေ့အချိန်ဖြစ်ပွားသော လေဆင်နှာမောင်းများထက် လူသေဆုံးမှုနှင့် ပျက်စီးနိုင်မှု ၂ ဒသမ ၅ ဆ ပိုများသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုများအတွင်း လူနှစ်ဦး သေဆုံးခဲ့သည်။ အိုကလာဟိုးမားတွင် အသက် ၈၀ အရွယ်အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး မောရစ်ဒေသတွင်လည်း လူတစ်ဦးသေဆုံးခဲ့ကာ လူပေါင်း ဒါဇင်ကျော် ဒဏ်ရာရရှိခဲ့သည်။

**သတင်းအဖွဲ့ - စုစည်းတင်ပြသည်**

(ဆက်လက်ဖော်ပြပါမည်)

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသားကိုးဦးကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့ နေ့လယ်ပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံ သင်တန်းကျောင်း ခန်းမ၌ ပြန်လည်ကြိုဆို လက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်များအတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသားကိုးဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူထံသို့ လွှဲပြောင်းအပ်နှံပေးပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကြသည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံ ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်နေ စိုးမင်းဦး(ခ)စမြီအွတ်လွှာသည် ၎င်းအသုံးပြုသည့် "Soe Min Oo" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပန်လိုကုန်း ကျေးရွာနေ စိုးမင်းထက်(ခ)အုပ်စိုးသည် ၎င်းအသုံးပြုသည့် "Soe Min Htet" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင်(မြောက်)ကျေးရွာနေ အောင်လွင်သည် ၎င်းအသုံးပြုသည့် "Aung Lwin" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရုတ် - မြန်မာ စီးပွားရေးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ဇန်နဝါရီ ၁၄ ရက်က တရုတ်နှစ်သစ်ကူးညည့်ခံပွဲကို ကျင်းပရာ အခမ်းအနားတွင် တရုတ်-မြန်မာ စီးပွားရေးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ **(အောက်ပုံ)**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ Liao Ning ကုန်သည်ကြီးများအသင်းမှ သံမှူး Mr.Shufu နှင့် Mr.Li Sheng Gen တို့က နှစ်သစ်ကူးအမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံတောင်ပေါ်မြေပြန့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက် ရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်က Liao Ning ကုန်သည်ကြီးများအသင်းတို့၏ ပူးပေါင်းကြိုးပမ်းမှုများမှတစ်ဆင့် အဓိကပူးပေါင်းဆောင်ရွက်နေသည့် ပရောဂျက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တရုတ် - မြန်မာ စီးပွားရေးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုတွင် တောင်ပေါ်မြေပြန့်ဒေသဖွံ့ဖြိုးရေးနှင့် ဈေးကွက်ရှာဖွေရေးအဖွဲ့နှင့်မြန်မာနိုင်ငံဆိုင်ရာ Liao Ning ကုန်သည်ကြီးများအသင်း၊ Liao Ning ပြည်နယ် ကုန်သည်ကြီးများအသင်းနှင့် မြန်မာနိုင်ငံစိုက်ပျိုးရေးအထောက်အကူပြု ကော်မတီအဖွဲ့၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးအထောက်အကူပြုကော်မတီနှင့် တောင်ပေါ်မြေပြန့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဈေးကွက်ရှာဖွေရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ် ချုပ်ဆိုကြကြောင်း သိရသည်။ **အာကာလင်း**




## AFF Cup ပြိုင်ပွဲတွင် ထိုင်းအသင်း ခုနစ်ကြိမ်မြောက် ဗိုလ်စွဲ

**ရန်ကုန် ဇန်နဝါရီ ၁၆**

2022 AFF Cup ပြိုင်ပွဲ ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၁၆ ရက်က ထိုင်းနိုင်ငံ၌ကျင်းပရာ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ထိုင်းအသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် နှစ်ဂိုးစီသရေကျထားသဖြင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။




၂၀၂၂ AFF Cup ချန်ပီယံ ထိုင်းအသင်း။

AFF Cup ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်သည့် ထိုင်းအသင်းသည် ဗီယက်နမ်ကို အနိုင်ယူကာ ချန်ပီယံဆု ထပ်မံရယူနိုင်ခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် စံချိန်တင်ကာ ခုနစ်ကြိမ်မြောက် ဗိုလ်စွဲခဲ့သည်။ ဗီယက်နမ်အသင်းသည် ပထမအကျော့ အိမ်ကွင်းပွဲတွင် အနိုင်မကစားနိုင်သဖြင့် အဝေးကွင်းတွင် ရှုံးပွဲကြုံတွေ့ပြီး ချန်ပီယံဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ထိုင်းအသင်းသည် AFF Cup ပြိုင်ပွဲတစ်လျှောက် ၁၉၉၆၊ ၂၀၀၀၊ ၂၀၀၂၊ ၂၀၁၄၊ ၂၀၁၆၊ ၂၀၂၀၊ ၂၀၂၂ ခုနှစ်တို့တွင် ဗိုလ်စွဲထားခြင်းဖြစ်ပြီး တတိယအကြိမ် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့သည်။

ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းသည် AFF Cup ပြိုင်ပွဲတစ်လျှောက် ဗိုလ်လုပွဲအဆင့်တွင် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ထိုင်းအသင်းသည် ၂၀၀၈ ပြိုင်ပွဲ ဗိုလ်လုပွဲရှုံးကြွေး ပြန်ဆပ်နိုင်ခဲ့သည်။

ထိုင်းအသင်းသည် ယခုပွဲတွင် ပထမပိုင်း ၂၄ မိနစ်၌ အသင်းခေါင်းဆောင် သီယာသွန်သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ထိုင်းအသင်းက အမှားအယွင်းမရှိ ကစားနိုင်ခဲ့သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ - AFF**

○ကျောဖုံးမှ

ပွဲကြည့်ပရိသတ် ၅၇၀၀၀ ကျော် လာရောက်ကြည့်ရှုသည့် စူပါဖလားဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းက ပွဲချိန်အများစုကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ ဆုဖလား ကိုင်မြှောက်ခွင့်နှင့် လွဲချော်ခဲ့ရသည်။ ပွဲချိန် ၃၃ မိနစ် တွင် လီဝမ်ဒေါစကီး၏ ဖန်တီးမှုမှ ဂါဗီဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။

အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၄၅ မိနစ်တွင်ရရှိခဲ့ပြီး ဂါဗီ၏ ဖန်တီးမှုမှ လီဝမ်ဒေါစကီးက သွင်းယူပေးခဲ့သည်။ သွင်းဂိုးနှစ်ဂိုး ခွင့်ပြုပေးလိုက်ရသော်လည်း ရီးရဲမက်ဒရစ်အသင်း၏ လုပ်အားနှုန်းက သွင်းဂိုးရယူနိုင်သည်အထိ စွမ်းဆောင်ပြနိုင်ခြင်း မရှိချေ။ ထို့နောက် ပွဲချိန် ၆၉ မိနစ်တွင် ဘာစီလိုနာအသင်း တတိယဂိုးရရှိခဲ့ပြီး ပက်ဒရီက သွင်းယူပေးခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းအတွက် ချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့ပြီး တိုက်စစ်ကစားသမား ဘင်ဇီမာက သွင်းယူပေးခဲ့သည်။

**အောင်ဇော်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁-၂၀၂၃ အင်္ဂါနေ့

**MRTV HD**

**၀၆း၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ အဋ္ဌာရာယ်ကင်း ပရိတ်တရားတော်
**၀၇း၀၀** နံနက်ခင်းသတင်း
**၀၉း၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၀၉း၄၅** Sports Diary
**၁၀း၀၀** သတင်းထဲကသတင်း
**၁၂း၃၀** မြန်မာဇာတ်လမ်းတွဲ "**ပိန်းကြာဖတ်၌တင်သောရေ**" (အပိုင်း-၂)
**၁၃း၃၀** MRTV National News
**၁၄း၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း**" (အပိုင်း-၅၂)
**၁၆း၃၅** "နိုင်ငံ့ဓာတ်အားစနစ်အတွက် အထောက်အကူပြုနိုင်မယ့် Solar Power Plant"
**၁၇း၃၅** "**ပက်စိမ်းကွမ်းတောင်**"
**၁၈း၀၀** ပြည်တွင်းသတင်း
**၁၈း၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉း၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း**" (အပိုင်း-၅၆)
**၂၀း၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁း၀၀** "၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ အခြေခံပညာကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်"
**၂၁း၁၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁း၃၅** ရုပ်မြင်သံကြားဇာတ်လမ်း "**အရှိအမှန်စကား**"
**၂၁း၅၀** နိုင်ငံခြားဇာတ်လမ်းတွဲ "**အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချီတက်**" (အပိုင်း-၂၉)

**mitv**

**07:01** Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
**07:09** Lucrative Myanma Rattan Industry
**07:28** Artist Life: Designer May Myat Waso
**07:50** Charming & Fragrant Sabai
**08:01** News
**08:25** Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-2 (The River of Life 1) Part-B
**09:01** Introductory Programme of Literary Award Winners: U Zaw Htay (Culture)
**09:19** Listening Pleasure, Instrumental Music (Banjo) Kyama Doe Ywarkalay
**09:27** Smart Village in Hopong: Kyauk Tan
**09:35** Shrinking Footprints
**10:01** News
**10:29** Bottle Gourd Painting
**10:33** Ecotourism: The Tourist Attractions of Mingun, Sagaing
**10:56** Myanma Toddy Palm, A Source of Rural Income

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၆း၀၀) မှ (၇း၀၀)**
သင်မယ်၊ ရေးမယ် "ဒို့"ချင်းစာ(အပိုင်း-၂၈)

**ချင်း (ချိုး) (၇း၀၀) မှ (၈း၀၀)**
ချင်းရိုးရာဆေးအိုး၊ ဆေးတံအကြောင်း

**မွန် (၈း၀၀) မှ (၁၀း၀၀)**
ကျိုက္ကမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်

**ရခိုင် (၁၀း၀၀) မှ (၁၂း၀၀)**
ငါးရံ့နှင့်ဒန့်သလွန်သီးချက်၊ ငရုပ်သီးကြိတ်နှင့်တို့စရာ

**ရှမ်း (၁၂း၀၀) မှ (၁၄း၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ

**ဝ (၁၄း၀၀ မှ ၁၆း၀၀)**
နှမ်းလျှန်ချောင်း(ဟိုပန်မြို့)

**ကချင် (၁၆း၀၀ မှ ၁၈း၀၀)**
ပူတာအိုသို့အလည်တစ်ခေါက်

**ကယား (၁၈း၀၀ မှ ၂၀း၀၀)**
စံပယ်ပန်းလှလှလေးကပေးတဲ့ကျန်းမာရေး

**ပအိုဝ်းကရင် (၂၀း၀၀ မှ ၂၁း၀၀)**
တလေဒူးခုန်ခြင်း

**အနောက်ပိုးကရင် (၂၁း၀၀ မှ ၂၂း၀၀)**
တိုင်းရောရဲ့ထင်ရှားကျော်ကြားဒေသများ

**အရှေ့ပိုးကရင် (၂၂း၀၀ မှ ၂၃း၀၀)**
သမီးလက်ရာငါးအချဉ်ဟင်း

**MRTV NEWS**

**၀၆း၀၀** အဖွင့်၊ တေးသီချင်း
**၀၆း၄၀** အားကစားသတင်း
**၀၈း၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၈း၄၅** 'ECONOMIC REVIEW' (Part- 16) (လူမှုကွန်ရက်၏ algorithms များ)
**၀၉း၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉း၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁း၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂း၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၃း၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄း၀၀** MRTV Navtional News
**၁၅း၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆း၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၂၀း၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉း၀၀** အဖွင့်၊ အလံ
**၀၉း၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ'
**၁၀း၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀း၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၂
**၁၁း၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း တောင်အာဖရိကနိုင်ငံ(အပိုင်း-၁)
**၁၁း၃၀** 'အတွေးအမြင်' အပိုင်း-၂

**MRTV FARMERS'**

**၀၆း၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆း၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆း၂၅** ရေအစက်ချစိုက်နည်းစနစ် ဝင်ငွေတိုးမယ့် နည်းလမ်းသစ်
**၀၇း၀၀** အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့
**၀၇း၄၀** သတိပြုဆင်ခြင်ဖွယ်ကြက်လည်လိမ်ရောဂါ အန္တရာယ်
**၀၈း၂၀** တောင်သူအကျိုးစီးပွားကိုမြှင့်တင်ပေးနိုင် စိုက်ကြပါစို့ SRI
**၀၉း၀၀** သုတေသနဖွံ့ဖြိုးမှုစွမ်းဆောင်ရည်ပြည့်ဝ

**MRTV SPORTS**

**၀၆း၀၀** အဖွင့်
**၀၆း၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇း၀၀** Sports News
**၀၇း၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇း၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈း၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀း၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀း၀၀)နာရီမှ ည(၁၀း၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**ဇီးကုန်း ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ဇီးကုန်းမြို့နယ်၌ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ငွေးပင်ကုန်းရေတံခါးကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နှစ်သီးမှ သုံးသီး ပြောင်းလဲစိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေကြို့ပင်ကျေးရွာအုပ်စု၌ စနစ်တကျ လယ်ယာမြေ ဖော်ထုတ်ပြီးစီးခဲ့သည့် မြေဧရိယာ ၁၃၂ ဧကပေါ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါး(ရတနာ့တိုး) အစေ့ချစိုက်ပျိုးနေမှုကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဇီးကုန်း-သင်ကန်းရွှေဇလား-ဘော်ဘင်လမ်း ၁ ဒသမ ၅ မိုင် ကွန်ကရစ်ခင်းနေမှုကိုလည်းကောင်း၊ နတ်တလင်းမြို့နယ် ကြခတ်ဝါးရုံကျေးရွာ အုပ်စုအနီး တောင်ညိုဆည် BDY-3LevelCrossing မှ ရန်ကုန်-ပြည်ကားလမ်းတစ်လျှောက် ရေလမ်းကြောင်းရှင်းခြင်း၊ ရေလျှံထိန်းတာဘောင်ပြုလုပ်ခြင်းနှင့် ရိုးမြောင်းဖြတ် ရေထိန်းတံခါးငယ် ပြုလုပ်ပြီးစီးမှုကိုလည်းကောင်း၊ နတ်တလင်းဆေးရုံ တိုးချဲ့(၂) ထပ်ဆောင် တည်ဆောက်နေမှုကိုလည်းကောင်း၊ ပေါင်းတည်မြို့နယ် ကြာနီကန်ကျေးရွာအုပ်စုအတွင်း ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

## ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၁ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၂၆၇၉၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၂၅၇၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၂၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၁၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၀ ကျပ် | ၂၄၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၀ ကျပ် | ၂၅၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၃၅ ကျပ် | ၂၁၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၇၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၉၀ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၃ . ၆၇၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၃၆ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၆ . ၅၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၂ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၂၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၈၀၀ | ၂၀ | ၁၇၄၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၄၈၆ | ၈၂၀၃၈၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၂၈ | ၂၁၀၀၀၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၁၅၆၆ | ၂၉၇၅၄၀၀ |
| TMH | ၂၅၅၀ | ၂၆၀၀ | ၃၂၃ | ၈၂၈၇၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၆၁၆ | ၁၆၀၁၆၀၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၃၁၁ | ၁၅၂၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်းရှိ

**(၁၆–၁–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၁–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၁–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၈၃,၆၉၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၅၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇–၁–၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၅ | ၂၉၀၀ |
| 95 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၄၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၂၅ | ၂၄၇၅ | ၂၄၇၅ | ၂၄၃၅ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၈၀ | ၂၅၁၀ | ၂၅၁၅ | ၂၅၁၅ | ၂၇၄၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၃၄ |
| 95 Ron | ၂၁၁၈ | ၂၁၉၄ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၃၈၆ | ၂၄၆၄ |
| HSD (10 ppm) | ၂၃၈၆ | ၂၄၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အဏ္ဏဝါဂေဟစနစ် ရေရှည်တည်တံ့ရေး သန္တာကျောက်တန်းများအား ထိန်းသိမ်းကာကွယ်



ရခိုင်ပြည်နယ် ဂွကျွန်းနှင့် အဏ္ဏဝါရေပြင်ကို တွေ့ရစဉ်။

သိန်းညွန့် PZL



မျက်မှောက်ကာလတွင် ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းများတစ်လျှောက် ထိန်းသိမ်းမှုအားနည်းကာ ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နေကြောင်း သတင်းမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ရေးသားလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ရခိုင်ကမ်းရိုးတန်းတွင် ထိန်းကွပ်မှုအားနည်းသော ငါးဖမ်းလုပ်ငန်းများ၏ အကျိုးဆက်အဖြစ် ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိကြောင်း ကြားသိရပါ၏။ ယင်းမှာ အဏ္ဏဝါပတ်ဝန်းကျင်ကို အခြေပြုထားသော ခရီးသွားလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်း၏ နောက်ဆက်တွဲပင်ဖြစ်ပေသည်။

ခရီးသွားလုပ်ငန်းအများစုသည် တာဝန်ခံမှု အားနည်းခြင်း၊ ထိန်းချုပ်မှု လျော့ပါးလာခြင်းတို့ကြောင့် ရခိုင်ကမ်းရိုးတန်းရေပြင်တစ်လွှား သန္တာကျောက်တန်းဂေဟစနစ်များ ပျက်စီးမှုဖြစ်ပေါ်လာကာ ယင်းပတ်ဝန်းကျင်၌ အခြေပြုကျက်စားကြသော ငါးမျိုးစိတ်ကောင်ရေ လျော့နည်းလာခဲ့ကြောင်း သုတေသနပြုချက်များက ဖော်ပြနေသည်။ စင်စစ်မူ သန္တာကျောက်တန်းများသည် လူသားများအတွက် ပေါကြွယ်ဝလှသော ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထောက်ပံ့ပေးသည့်အပြင် အဏ္ဏဝါဂေဟစနစ် ကောင်းမွန်စေရန်အတွက်လည်း မြှင့်တင်ပေးလျက်ရှိသည်။ ထို့ပြင် လူသားများ၏ စားနပ်ရိက္ခာဖူလုံစေရေးအတွက် ငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုးစေရန်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်မှုကို ကာကွယ်ရန်လည်းကောင်း၊ အဓိကကျသော သဘာဝတရားက ပေးစွမ်းထားသည့် အရင်းအမြစ်များပင် ဖြစ်ပေသည်။

ယင်းကဲ့သို့ လွန်စွာအရေးပါသော အဏ္ဏဝါအရင်းအမြစ်များအား ထိန်းချုပ်မှုကင်းမဲ့စွာအလွန်အကျွံ ထုတ်ယူသုံးစွဲကြခြင်းကြောင့် ယခင်ကာလများက မကြုံခဲ့ဖူးသောနှုန်းဖြင့် ဆုံးရှုံးပျက်စီးကာ သန္တာကျောက်တန်းများ၏ ဂေဟစနစ်အပေါ် ထောက်ကူပေးနိုင်မှုမှာ စိုးရိမ်ဖွယ်ရာ လျော့နည်းကျဆင်း လာလျက်ရှိသည်။ ထိုကဲ့သို့သော အခြေအနေများကြောင့် ရခိုင်ပြည်နယ် ဂွကျွန်းတွင် အဏ္ဏဝါကာကွယ်ရေပြင် ထူထောင်နိုင်ရန်အတွက် အချက်အလက်များကို ကွင်းဆင်းကောက်ယူခဲ့ကြောင်း သိရသည်။

**ဂွကျွန်းသည် အဏ္ဏဝါကာကွယ်ရေပြင် ဧရိယာ ထူထောင်ရန် အထူးသင့်လျော်သော နေရာဖြစ်သည့်အပြင် ဂွကျွန်း၏ အရှေ့တောင်ဘက် ဧရိယာသည် လှိုင်း၊ လေငြိမ်သောကြောင့် ခရီးသွား လုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေး အတွက် ကောင်းမွန်ကြောင်း သိရသည်**

## အရေးပါသော ဂေဟစနစ်

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ဂွကျွန်း၏ ရေတိမ်ပိုင်း ရေအနက် ရှစ်မီတာအောက် တွင် ရေငုပ်၍ သိပ္ပံနည်းကျလေ့လာခဲ့ရာ သန္တာကျောက်တန်းများဝန်းကျင် ငါးများအုပ်စုအလိုက် ဖွံ့ဖြိုးတိုးတက်မှု အနေအထားများသာမက အရေးပါသော ဂေဟစနစ်ဆိုင်ရာ ခြားနားချက်များ၊ အခြေချ နေထိုင်ပေါက်ပွားရာနေရာများကိုပါ ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း သိမှတ်ရသည်။ ဂွကျွန်းသည် အဏ္ဏဝါကာကွယ်ရေပြင် ဧရိယာထူထောင်ရန် အထူးသင့်လျော်သော နေရာဖြစ်သည့်အပြင် ဂွကျွန်း၏ အရှေ့တောင်ဘက် ဧရိယာသည် လှိုင်း၊ လေငြိမ်သောကြောင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်ကြောင်း သိရသည်။



## သယံဇာတများ ပျက်စီးဆုံးရှုံး

သုတေသနပြုချက်များအရ ယင်းကျွန်းဝန်းကျင်တွင် ငါးအလွန်အကျွံ ဖမ်းဆီးခြင်းကြောင့် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးလာမှု လက္ခဏာများ တွေ့ရှိရသော်လည်း အချို့သော သန္တာကျောက်တန်းများသည် ပကတိအတိုင်းပင် တည်ရှိနေရာ ထိရောက်သော ထိန်းသိမ်းကာကွယ်ရေးနည်းစနစ်များ လုပ်ဆောင်နိုင်မည်ဆိုပါက အနာဂတ်ကာလအတွက် အားရဖွယ်ရာ အနေအထားရှိလာနိုင်ကြောင်း သိရသည်။

အဏ္ဏဝါကာကွယ်ရေပြင် ထူထောင်ရာတွင် ရခိုင်ပြည်နယ် ဂွကျွန်းပတ်ဝန်းကျင်ရေပြင်တစ်လွှားတွင် ဇုန်အလိုက်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် သန္တာကျောက်တန်းများ ပြန်လည်ကောင်းမွန်လာစေကာ ဇုန်အပြင်ဘက်ရေပြင်၌လည်း ငါးသယံဇာတများ ပိုမိုတိုးပွားနိုင်မည့် အလားအလာကောင်းများ ရှိလာနိုင်သည်။

ဂွကျွန်းပတ်ဝန်းကျင်တွင် အဏ္ဏဝါကာကွယ်ရေးဧရိယာအဖြစ် သတ်မှတ်နိုင်မည်ဆိုပါက သန္တာကျောက်တန်းများ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ထိရောက်သော အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

# စာဟောင်းပေကောင်း အစုအဆောင်းသိပ်သည်းဆ

ညွန့်ဟံ(ကြူတော)

**လောကဓမ္မတာအရ အဟောင်းအသစ်ဖြစ်စဉ်တရားတွင် အဟောင်းအဟောင်းတို့ချုပ်ငြိမ်းရာတွင် အသစ်အသစ်များ အစားထိုးဝင်ရောက်လာတတ်ပေသည်။ အဟောင်းကိုပစ် အသစ်ကိုရှာကြခြင်း၊ အသစ်စက်စက်ကိုမှ တပ်မက်ခြင်းဆန္ဒသည် လူသားတို့မကင်းနိုင်အောင် ရှိကြရပေသည်။ သို့ရာတွင် အသစ်တွေ ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့တလည်လည်ဟူသော စကားလည်းရှိသည်။ ဟောင်းသာဟောင်း၏ ကောင်းသောအရာများရှိသကဲ့သို့ သစ်သာသစ်၍ မဖြစ်သောအရာများရှိကြောင်း ဆရာတိုက်စိုး၏ စာကိုးစကားကိုး စာအုပ်ထဲက အမှတ်အသားကလည်း အသုံးချစရာဖြစ်ရပါ၏။**

ဤသို့ဆိုခြင်းဖြင့် အဟောင်းကိုချည်း ဆုပ်ကိုင်ထားရန်မဟုတ် မြန်မာ့စံနှင့် ဂန္ထဝင်ဟန် ပေါင်းစပ်သော အဟောင်းကို ထိန်းသိမ်းရမည်။ စိတ်ရင်း၊ စေတနာ၊ ဝါသနာနှင့်လည်း သက်ဆိုင်တတ်သည်။ ဥပမာအားဖြင့် ရှေးဟောင်းပစ္စည်းကို မြတ်နိုးတတ်သူတို့သည် ပန်းချီ၊ ပန်းပု၊ ရုပ်တု လူမှုပစ္စည်း၊ အိမ်သုံး၊ လူသုံး၊ ပစ္စည်းကိရိယာများကို စုဆောင်းခြင်းဖြစ်သည်။ထိုထိုသော ရှေးဟောင်းပစ္စည်းများစွာသည် တစ်ချိန်က ကျေးလက်တွင် အတွေ့ရများသော်လည်း ယခုစီးပွားလူမှု ဝိသမသမားတို့ကြောင့် ပါးလျားလာပေသည်။ အဟောင်းဂန္ထဝင်အတွက် စိုးရိမ်စရာလည်းဖြစ်သည်။

တစ်ခါက ဥရောပမှ ပြတိုက်မှူးကြီး၏ စကားကို အမှတ်ရမိ၏။ “လူတို့၏ ပယောဂကြောင့် ရှေးဟောင်းပစ္စည်းတွေ ယုတ်လျော့ လာပေရာ မနက်မိုးလင်းလျှင် သူ၏ပြတိုက်ကြီး ရှိမှရှိသေးရဲ့လားဟု”သံသယဖြစ်ကာ ကြည့်ရှုမိသည်က အကြိမ်ကြိမ်ဖြစ်လေသည်။ တန်ဖိုးကြီးသော အဟောင်းသည် ယဉ်ကျေးမှုမျက်နှာစာ တန်ဖိုးလည်းဖြစ်၏။ စာရေးသူနှင့် ကျွမ်းဝင်သော မိသားစုသည် မဟာဂီတကို စွဲမြဲစွာ ထိန်းသိမ်း၏။ ပြန့်ပွားအောင် အားထုတ်၏။ ဝါသနာနှင့်ဗီဇ ယဉ်ကျေးမှုအတွက် တစ်နိုင်ထိန်းသိမ်းပြီး တစ်ချိန်တွင် မဟာဂီတကို လိုလားသူတို့ သူတို့မိသားစုထံ၌ ဆည်းပူးရကြောင်း တွေ့ရပေရာ ပီတိဖြစ်ပေသည်။ ယဉ်ကျေးမှုအစစ်လူ့အနှစ်စကားရပ်သည် အဟောင်းကိုရည်ညွှန်းခြင်းဟု နားလည်မိပေသည်။ ဖြည့်စွက်စရာလည်း ရှိပါသည်။

### ခေတ်ပေါ်ရှေးဟောင်းစာပေ အငွေ့အသက်ဖော်ထုတ်

အခုတလော စာရေးသူသည် ဂန္ထဝင်ဂီတရှေးဟောင်းမြန်မာမှုအနုပညာ မြတ်နိုးသူတို့၏ လက်ရာများကို မျှဝေလက်ဆောင်ရသဖြင့် ပီတိဖြာမဆုံး ဖြစ်ရလေသည်။ ယခုနှစ်အတွက် အမျိုးသားစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာစာပေဆုရ အစ်မကြီးရွှေကူနန်းနွဲ့နွဲ့၏လက်ရာ ညောင်ရမ်းခေတ်ဝန်ကြီး ပဒေသရာဇာ၏ မဏိကတ်ပြဇာတ်ကို တေးဂီတရှုထောင့်မှ လေ့လာခြင်းစာအုပ်ဖြစ်သည်။ စာရေးသူတို့ မဏိကတ်ပြဇာတ်ကို တက္ကသိုလ်တွင် သင်ကြား အောင်မြင်ခဲ့ဖူးပါသည်။ယခုကဲ့သို့ ဂီတရှုထောင့်မှ လေးနက်စွာ နားလည်ခံစားမှုမရှိ၊ ကျေးဇူးကြီးလှပါသည်။ ဂန္ထဝင်စာပေဟောင်းကို တူးဆွခြင်းဟု ခံယူမိပေသည်။ ထို့အတူ ယခုပင် မိတ်ဆွေရင်းချာ တေးရေး၊ တေးဆို ရေနံ့သာဝင်းမောင်က သူပြုစု သော **“ပုဂံ ဂီတ အက ပန်တျာ”** စာအုပ်လက်ဆောင်ပေးသည်။ မြန်မာ့ယဉ်ကျေးမှုခေတ်ဦး ပန်တျာဂီတ အကအကြောင်း စူးစမ်းပြထားသည်။ ခေတ်ပေါ် ဆန်းသစ် အကာနှင့်အနှစ် မသဲကွဲလှသော ဂီတခေတ်တွင် မြန်မာဟန် ဇာတိစိတ်ကို နိုးဆွသော ရှေးဟောင်းစာပေ အငွေ့အသက်ကို ဖော်ထုတ်ခြင်း ခံစားခွင့်ရရှိခြင်းတို့က မြတ်နိုးဖွယ်ဖြစ်လေသည်။

ပကတိအခြေအနေအရ ယခုကာလတွင် စာဖတ်သည့် အလေ့အထ ရှားပါးလာကြောင်း၊ ဖေ့စ်ဘုတ်များနှင့် အခြားအွန်လိုင်းတွေကို စွဲမက်ကြောင်း စိုးရိမ်စရာစကားများ ကြားရတတ်သည်။ အလွန်စိုးရိမ်စရာမရှိသေးဟု ဆိုချင်ပေသည်။ ဂန္ထဝင်မြောက် စာဟောင်း၊ စာစု၊ စာစောင်များများ

ရှိနေသေးကြောင်း တွေ့ရခြင်းဖြစ်သည်။

မကြာမီက စာဟောင်းပေဟောင်း၊ စာကောင်းပေမွန်များ ဝယ်ရောင်းလုပ်ကာ ကြီးပွားသော မိတ်ဆွေရင်းများနှင့်ဆုံဖြစ်သည်။ ယခုတော့ ယင်းအလုပ်ကို စွန့်လွှတ်ထားဟန် ရှိသည်။ သူ၏ အပြောအရ ယခုပုံနှိပ်လောကတွင် စာဟောင်းပေဟောင်းများကို အသစ်ရိုက်နှိပ်ကြကြောင်း စုံလင်ကြောင်း လိုချင်သမျှရနိုင်ကြောင်း၊ သို့ရာတွင် လူ၏မနောအရ စာအုပ်မူရင်း ပုံနှိပ်လက်ရာကိုသာ လိုချင်ကြကြောင်း ပြောပေသည်။ ကျွန်တော့်ထံမှာလည်း စာဟောင်းများရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆိုလေသည်။ သို့သော် စာဟောင်းပေကောင်း သံယောဇဉ်က ခက်လှသည်။ စာအုပ်ဗီရို စာအုပ်စင်တွင် တင့်တယ်စွာ ရှိနေချင်ဆဲဖြစ်သည်။ ဈေးကောင်းရနိုင်ပါလျက် အလဲအလှယ် မလုပ်လိုသည်မှာ စာချစ်သူများဝလေ့ဟု ဆိုရပေမည်။ အံ့ဩစရာကောင်းသည်မှာ အချို့သော စာအုပ်များသည် အချောင်ရခြင်းဖြစ်သည်။ဒေါက်တာ ခင်မောင်ညွန့်

လည်းအစင်းရေ ၄၀ ကျော်ကို ရန်ကုန်အတွင်းဝန်ရုံးသို့ပို့ကာ စိစစ်ရပေသည်။ တာဝန်ယူရသူမှာ ပုဂံဝန်ထောက်ဦးတင် ဖြစ်သည်။ စာပေယဉ်ကျေးမှုကို ထုတ်နုတ်စာအုပ်ပုံနှိပ်သည်။ ကဗျာပန္နသာရကျမ်းနှင့် မြန်မာမင်းများ အုပ်ချုပ်ပုံ စာတမ်းငါးစောင်ရရှိသည်။ တန်ဖိုးရှိလှသည်။ ထိုအကြောင်းကို ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းက ဦးတင်၏ စာပေအနှစ်ချုပ်ကို ချီးကျူးပြောဆိုရေးသားဖူးပေသည်။ ယင်းစာဟောင်းများကား ယခုတိုင် အသုံးကျကိုးကားနေရဆဲဖြစ်လေသည်။

### ကျမ်းဟောင်း ပေစာများရနိုင်သမျှ ဖွေရှာစုဆောင်း

အခွင့်သာသဖြင့် တင်ပြရန်ရှိပါ၏။ စာပေသမားများစွာသည် မိတ်ဆွေ အဟောင်း အသစ် ခွဲခြားမှုနှင့်ပတ်သက်၍ “အဝတ်ပုဆိုး တန်ဆာမျိုးကား တစ်နေ့ဆယ်ခါ လဲပါတုံရှောင်း သစ်ကိုင်းကောင်း၏။ အပေါင်းအဖော်ဟု တုံသော်မူ ငယ်ဖော်ငယ်ပေါင်း ဟောင်းမှကောင်း၏” ဟူသော အဆိုအမိန့်ကို စာမွန်များလည်းဖြစ်ကြောင်း စာပေမြတ်နိုးသူတို့ လေ့လာဆည်းပူးလေ နားလည်လေးစားလေ ဖြစ်ပေသည်။

ပြောစရာတစ်ခုတော့ရှိ၏။ စာပေမျိုးဆက်ဖြစ်၏။ စာပေမြတ်နိုးသော မိဘများ၏ အစုအဆောင်းကို ဝါသနာမပါသော သားသမီးများ လက်ဝယ် ဆင်းသက်ခြင်းဖြစ်၏။ တန်ဖိုးမသိသဖြင့် ခက်လှ၏။ အချို့သော စာဟောင်းပေကောင်းများသည် စုဆောင်းထားသော မိဘများ နောက်ကွယ်တွင် ရောင်းချခြင်းဖြစ်၏။ မတန်မရာပြုသဖြင့် အဟောသိကံဖြစ်ရသည်။ တန်ဖိုးနှင့် ငွေကြေးတန်ဖိုးဆုံးရှုံးကြရကြောင်း သိသာရပါ၏။ အိမ်နီးချင်းစာရေးဆရာ တစ်ဦးသည် စာဟောင်းများစုကာ ပြုစုရေးသား၏။ စာအုပ်စင်၌ မည်သူကိုမှ စာအုပ်မငှားပါဟူသော စာတမ်းချိတ်ဆွဲထား၏။ စာပေဝေငှခြင်းကိစ္စ အဆုံးသတ်ထားသည်။ သူကွယ်လွန်သည့်အခါ မိသားစုက ဘာမှမလုပ်ရဲသဖြင့် သေတ္တာထဲထည့်ထားရာမှ ကာလကြာသောအခါ ပိုးထိုး၊ လောက်ထွက်၊ ခြကိုက်၊ ကြွက်စား အလဟဿဖြစ်ရပါ၏။ စာပေစုဆောင်း ကောင်းသော်လည်း အသုံးပြုနယ်ပယ် မဟုတ်သဖြင့် အချည်းအနှီးဖြစ်ကြောင်း မျက်မြင်ဆင်ခြင်မိဖူး

> ❐ **စာပေမြတ်နိုးသော မိဘများ၏ အစုအဆောင်းကို ဝါသနာမပါသော သားသမီးများ လက်ဝယ်ဆင်းသက်ခြင်းဖြစ်၏။ တန်ဖိုးမသိသဖြင့် ခက်လှ၏။ အချို့သော စာဟောင်းပေကောင်းများသည် စုဆောင်းထားသော မိဘများနောက်ကွယ်တွင် ရောင်းချခြင်းဖြစ်၏။ မတန်မရာပြုသဖြင့် အဟောသိကံဖြစ်ရသည်။ တန်ဖိုးနှင့် ငွေကြေးတန်ဖိုးဆုံးရှုံးကြရကြောင်း သိသာရပါ၏။ အိမ်နီးချင်း စာရေးဆရာ တစ်ဦးသည် စာဟောင်းများစုကာ ပြုစုရေးသား၏။ စာအုပ်စင်၌ မည်သူကိုမှ စာအုပ်မငှားပါဟူသော စာတမ်းချိတ်ဆွဲထား၏။ စာပေဝေငှခြင်းကိစ္စ အဆုံးသတ်ထားသည်**
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၈၉၄၉/၂၀၁၃) | (စဉ်-၉၇၃၄/၂၀၁၄) |
| ဖုန်း-၀၉ - ၄၂၀၅၃၁၁၀ | ဖုန်း-၀၉ - ၄၂၀၅၃၁၀၁ |

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/9498 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ (၃၁)လမ်း၊ မြေကွက်အမှတ်(၉၁၆/က)ဟုခေါ်တွင်သော မြေအလျား (၆၀)ပေ၊ အနံ(၂၀)ပေ၊ ဧရိယာ (၁၂၀၀)စတုရန်းပေ၊ မြေငှားဂရန်တွင် ဦးမောင်မောင် ၁၂/ဥကတ(နိုင်) ၀၈၈၁၄၂ အမည်ပေါက်ကာ ထိုမြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသော မြေကွက်၏ (ခေါင်းရင်းခြမ်း) (၆၀ပေx ၁၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူများ ဖြစ်သော ဒေါ်မြတ်မြတ်မူ ၁၂/ဥကတ(နိုင်)၀၈၃၀၉၈ နှင့် ဒေါ်သိမ့်သိင်္ဂီဝင်း ၁၂/ကတန(နိုင်)၀၇၆၉၈၆ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့သန့် ၁၂/ဥကတ(နိုင်)၁၆၂၅၉၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအိမ်နှင့်မြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မို့မို့သန့်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဥမ္မာမြင့်(LL.B,D.B.L) | ဒေါ်စုစုအောင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၈၃၅၁(၁၃-၉-၂၀၁၂) | စဉ်-၁၃၄၉၈(၁၂-၁၀-၂၀၁၇) |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန ကွပ်ကဲမှုအောက်ရှိ လသာမြို့နယ်၊ သိမ်ကြီးဈေး(င)ရုံ၊ ဒုတိယထပ်ရှိ အောက်ပါဆိုင်ခန်းလွတ်(၆)ခန်းကို တင်ဒါစနစ်ဖြင့် ငှားရမ်းရန်အတွက် တင်ဒါ အဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | Lot အမှတ် | ဆိုင်အမှတ် |
|---|---|---|
| (က) | Lot-1 | ၆ |
| (ခ) | Lot-2 | ၇ |
| (ဂ) | Lot-3 | ၁၅ |
| (ဃ) | Lot-4 | ၁၆ |
| (င) | Lot-5 | ၁၇ |
| (စ) | Lot-6 | ၁၈ |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁-၂၀၂၃ရက်မှ ၂-၂-၂၀၂၃ရက်အထိ
၃။ **တင်ဒါပုံစံရောင်းချမည့် နေရာနှင့်တင်သွင်းရမည့် နေရာ** - မြို့တော်ခန်းမ (ဒုတိယထပ်)၊ ဈေးများ နှင့် ကုန်စည်ပွဲရုံများဌာန၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ
၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၃-၂-၂၀၂၃ရက်(သောကြာနေ့)၊ ၁၅:၀၀နာရီ
၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများ ဌာန၏ ဖုန်း- ၀၁-၃၇၆၇၀၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ၁/၇(၆)လမ်း၊ မြေအမျိုးအစား-G၊ အလျား(၃၆)ပေ၊ အနံ(၅၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စောရွှေ ၁၂/မရက(နိုင်)၀၀၈၇၀၅ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နန်းယိုး ၁၂/မဘန(နိုင်)၁၃၁၇၂၇မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းအိသူ LL.B (စဉ်-၁၄၃၉၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၂၀၊ တပင်ရွှေထီးလမ်း၊ ငွေနံ့သာစံပြ၊**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၂၁၄၉၆၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း-(၁၈/င)ရပ်ကွက်၊ ကျွန်းရွှေမြိုင်(၉)လမ်း၊ အမှတ်-(၆၈၀/က)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(ပေ၄၀ x ပေ၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း(ပေ၂၀xပေ၆၀)ရှိ အိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်အေးအေးခိုင် ၁၂/စခန(နိုင်)၀၁၄၀၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ကိုကိုဝင်း ၁၄/မမန(နိုင်)၁၈၉၁၆၁ က ဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက် ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ် ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သိင်္ဂီအေး(စဉ်-၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2462 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်-၁၉၊ (၅) လွှာ၊ B (ခြေရင်းခန်း)ဟု ခေါ်တွင်သော (၁၄'x၅၀')ပေအကျယ်အဝန်းတိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူ ဦးငွေအောင် ၁၂/စခန(နိုင်)၀၅၉၄၁၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်သန်း ၁၀/သထန(နိုင်)၀၅၅၃၉၃က ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဇင်မာထွန်း (LL.B, D.B.L) | ဦးထွန်းလင်းကျော် (LL.B, D.B.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၀၇၃) | (စဉ်-၁၃၀၁၅) |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉ ၄၄၈၀၀၈၇၁၆**

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ Shandong Weifang Rainbow Chemical Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Marlarmyaing Public Co.,Ltd မှ Rainbow Agrosciences Co.,Ltdသို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်း ဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်-

| | အမည် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင်အမျိုးအစား/အမှတ် |
|---|---|---|---|
| ၁။ | ဖာမိုဇင်း 80 WP | Atrazine 80% WP | Provisional 2017-3947 |
| ၂။ | ဖန်ဖန် 240 EC | Oxyfluorfen 240g/l EC | Full 2020-2490 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အင်းစိန်မြို့သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ရိန်းဘိုးအာဂရိုဆိုင်းရန်ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၉-၄၅၆၀၆၀၁၆၀၊ ၀၉-၄၅၁၁၇၀၁၇၀**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိ မြို့နယ်၊ အထက(ရေဆင်း)၊ Grade-11(C)မှ မရတနာပြည့်နှင့် မဖြိုးရတနာ၏ဖခင် ဦးကိုနိုင် အမည်မှန်မှာ ဦးနိုင် ၉/ပမန(နိုင်) ၁၃၁၁၀၃ ဖြစ်ပါကြောင်း။

**ဦးနိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တိုက် (၃၃၃၁)၊ အခန်း (၃၅)နေ ဒေါ်အေးမို့မို့သိန်း ၁၂/ရကန(နိုင်) ၀၇၉၃၇၂ နှင့် ဒေါ်အေးမို့မို့သိမ်း သည် တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေမျိုးထွန်း ၁၃/တကန(နိုင်)၂၅၄၄၅၁၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၆၀၂၁၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၃)၊ လူနေရပ်ကွက်အမှတ် (ရွှေပင်လုံအိမ်ရာ)၊ ခရေ(၅)လမ်း၊ မြေကွက်အမှတ် (၁၁၃)၊ အကျယ်အဝန်း (၇၈ပေ/ ၇၆ပေ× ၈၀ပေ)ရှိ ဦးနေလင်းဇင် (၁၄/မမန (နိုင်) ၁၄၅၅၄၁) အမည်ပေါက် ပါမစ်မြေကွက် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၁၄)နှင့်ကပ်လျက် (၃၉ပေ/၃၈ပေ× ၈၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဆောင်းထွန်း (၁၂/မဂတ (နိုင်) ၀၈၂၁၁၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ရတနာလမ်း၊တိုက်အမှတ်(၄၅၅) ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ ခန်းတွဲ ၆ထပ်တိုက်၏တိုက်ကိုမျက်နှာမူသော် ဘယ်ဘက်ခြမ်းရှိ ၄လွှာ၊ တတိယထပ်၊အကျယ်အဝန်း(၁၇ပေ×၅၄ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအား တရားဝင်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးဇော်လွင်ဦး (၁၀/မဒန(နိုင်)၀၂၆၀၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေ ထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊မေတ္တာလမ်း၊တိုက်အမှတ်(၈၀၇) ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ ခန်းတွဲ ၈ထပ်ခွဲတိုက်၏ခေါင်းရင်းခြမ်းရှိ ၇လွှာ၊ ဆဌမထပ်၊ အကျယ် အဝန်း(၁၉ပေ×၅၄ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကိုကို(၇/ပမန(နိုင်)၁၆၅၄၃၇)သည် (၁၅-၁-၂၀၂၃)ရက်စွဲပါအရောင်းအဝယ် စာချုပ်ဖြင့် ဦးစိုင်းမြတ်အောင်(၁၃/တယန(နိုင်)၀၂၇၉၄၇)ထံမှတရားဝင်ဝယ်ယူ၍လက်ဝယ် ထားပိုင်ဆိုင်ပြီးဖြစ်သောကြောင့် ကျွန်ုပ်မိတ်ဆွေ၏သဘောတူညီချက်မရရှိဘဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊တနည်းနည်းဖြင့်လွှဲပြောင်းခြင်းပြုလုပ်ခွင့်မရှိပါကြောင်းအများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## ဦးဝင်းထွဋ်အောင် ၁၂/ဥကမ(နိုင်)၂၃၇၄၅၆နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှု(၅)လမ်း၊ အမှတ်-(၆)နေ THE MIX Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းထွဋ်အောင်နှင့် အများသိစေရန် ကြေညာ အပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ THE MIX Co.,Ltd သည် ၂၄-၈-၂၀၂၂ရက်တွင် HR & Admin Manager ရာထူးဖြင့် တာဝန်တွင်ထမ်းဆောင်သော ဦးဝင်းထွဋ်အောင်အား ငွေကြေးအရှုပ်အရှင်းကိစ္စများကြောင့် အလုပ်မှထုတ်ပယ်ခဲ့ပြီး ဖြစ်ပါသည်။ ဦးဝင်းထွဋ်အောင်သည် THE MIX Co.,Ltd ၏ Letter Head နှင့် တံဆိပ်တုံးတို့ကိုအသုံးပြုပြီး ငွေရေးကြေးရေးအရှုပ်အရှင်းကိစ္စများရှိခဲ့ပါက THE MIX Co.,Ltd နှင့်မည်သို့မျှ မသက်ဆိုင်ပါကြောင်းနှင့် THE MIX Co.,Ltd မှလည်း တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လေးလေးထိုက်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၇၀)**
**KM2 & Partners Law Firm**
**အမှတ်(၅၁၄/၅၁၈)၊ ၃-အေ၊ ကုန်သည်လမ်း၊ တိုင်းရင်းမေကွန်ဒို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၃၃၉၈၉**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အထက(ဆင်ပေါင်ဝဲ)Grade-5မှ မဝတ်မှုံဖူး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းခိုင် ၈/ဆပဝ(နိုင်)၀၆၃၂၇၇ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းခိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ်(R-၅-ခ)၊ ဧရိယာ(၀ဒသမ၂၃၀)ဧကရှိ မြေကို ဦးမင်းမင်းလတ် အမည်ဖြင့် မြေငှား ဂရန် အမည်ပြောင်း ဦးပိုင်ခွဲ တင်ပြလျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်း အကွက်၊ ဦးပိုင်အမှတ် (R-၆-ခ)၊ ဧရိယာ ၀ဒသမ ၂၉၈ ဧကရှိ မြေကို ဒေါ်မွေးမွေး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ဦးပိုင်ခွဲ တင်ပြလျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလွန်းကျွန်းအကွက်၊ ဦးပိုင်အမှတ် (R-၆-ဃ)၊ ဧရိယာ (၀ဒသမ၂၉၈) ဧကရှိမြေကို ဒေါ်မိုးမိုးနိုင်အမည်ဖြင့် မြေငှား ဂရန် အမည်ပြောင်း ဦးပိုင်ခွဲ တင်ပြလျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ဃ/၉၆၅၁၆, Honda Dream 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်စိုး ၆/ထဝန(နိုင်)၁၃၉၈၉၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ဃ/၉၁၅၁၉ Honda Wave 125. M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းရှိန် ၆/သရခ (နိုင်)၀၁၃၃၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တန်ဖိုးနည်း/တန်ဖိုးသင့် တိုက်ခန်းများရောင်းချခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ထားသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်မြင့်မိုရ်အိမ်ရာစီမံကိန်းနှင့် သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါအိမ်ရာစီမံကိန်းတို့ရှိ တန်ဖိုးနည်း/တန်ဖိုးသင့် အခန်း (၂၀၄) ခန်းကို ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ရာစုဆောင်းငွေကျပ်သိန်း(၃၀)နှင့် အထက်ရှိသူများအား အတိုးနှုန်း သက်သာသည့် ချေးငွေအစီအစဉ်ဖြင့် ဇန်နဝါရီလတွင် ရောင်းချပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို "DUHD Sale Housing" Facebook Page မှ တစ်ဆင့် ၁၉-၁-၂၀၂၃ ရက်တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဖုန်း-၀၁၈-၃၉၂၅၂၄၊ ၀၁၈-၂၄၅၆၈၆**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏
## မန္တလေးမြို့အဝင်ဂိတ်များ၌
## အခွန်အခကောက်ခံခွင့်လုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၃ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၄ခုနှစ် မတ်လ ၃၁ရက်အထိ (၁)နှစ် အတွက်မန္တလေးမြို့အဝင်ဂိတ်များ၌ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ မြို့ဝင်ကြေးကောက်ခံခွင့်လုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သဖြင့် တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀၀/-ဖြင့် အောက်ပါအတိုင်း ဝယ်ယူနိုင်ပါသည်-

(က) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၃-၁-၂၀၂၃ရက်

(ခ) **လျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၇-၂-၂၀၂၃ရက်

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အခွန်ဌာန ဖုန်း- ၀၉-၄၀၂၅၂၂၀၈၅၊ ၀၉-၄၀၂၅၃၁၁၁၉ နှင့် ၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ-၁၅၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊အမှတ်(၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေတိုင်း-၆၊ မြေကွက်အမှတ် ၁၅၈ ဟုခေါ်တွင်သော ဦးဝင်းထိန် အမည်ပေါက် မြေချပါမစ်မြေကွက်၏ (ခေါင်းရင်းခြမ်း)၊ အလျားxအနံ(၁၃x၆၀)ပေ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် ရေ၊ လျှပ်စစ်မီတာ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးဝင်းထိန် ၁၂/လသယ (နိုင်)၀၁၀၂၁၃၊ ဒေါ်စန္ဒာဝင်း ၁၂/လသယ (နိုင်)၀၂၁၉၂၆ တို့မှ မိမိတို့သာလျှင် တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချစီမံခန့်ခွဲခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းမင်းဖြိုး ၁၂/လသယ(နိုင်) ၀၆၇၈၄၈ ထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် နေအိမ် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်လင်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၉၀/၁၆)**
**တိုက် ၂၇၊ အခန်း ၁၀၂၊ ကျန်စစ်မင်းအိမ်ရာ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၅၃၈၀၀၇၄၁၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ရွှေကူရပ်ကွက်၊ ရန်ရှင်းလမ်း၊ အမှတ်(၁၂၁)နေ ဦးဝင်းကြည်-ဒေါ်အေးအေးသက်တို့၏သား မောင်ထက်လင်း ၁၄/ဟသတ(နိုင်)၂၉၆၆၉၇ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**ဦးဝင်းကြည်-ဒေါ်အေးအေးသက်**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ ကမ်းနားလမ်း၊ ကန်ကြီးရပ်နေ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MFD Public Co.,Ltd)၏ နာယကကြီး ဖြစ်သူ ဦးအောင်လင်း(ခ)ဦးဖားလုံ အသက်(၈၂)နှစ်သည် ၁၆-၁-၂၀၂၃ရက် နံနက် ၁၂:၁၂ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီဝန်ထမ်းမိသားစုများ**
**မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး**
**အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**မြိတ်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ ကမ်းနားလမ်း၊ ကန်ကြီးရပ်နေ ကောင်းကောင်း မွေးမြူရေးကုမ္ပဏီလီမိတက်(KAUNG KAUNG Aquaculture Co.,Ltd) ၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဦးအောင်လင်း(ခ)ဦးဖားလုံ အသက်(၈၂)နှစ်သည် ၁၆-၁-၂၀၂၃ရက် နံနက် ၁၂:၁၂ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီဝန်ထမ်းမိသားစုများ**
**ကောင်းကောင်း မွေးမြူရေး ကုမ္ပဏီလီမိတက်**
**(KAUNG KAUNG Aquaculture Co.,Ltd)**
**မြိတ်မြို့**

## အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(L-၃၅/၁၄၉)၊ မြေကွက်အမှတ်(၁၈၄၁)၊ အကျယ်အဝန်း (၄၀'x၆၀')မြေကွက်သည် ကျွန်ုပ်အမှုသည် ဦးသန်းမောင်ဝယ်ယူ ပိုင်ဆိုင်ခဲ့သော မြေဖြစ်ပါသည်။ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလထဲတွင် ကျွန်ုပ်အမှုသည်၏ မိတ်ဆွေမှ ကျွန်ုပ်အမှုသည်ပိုင်ဆိုင်သော မြေကွက်မှာ ဝယ်ယူမည့်သူများလာရောက် ကြည့်ရှုကြောင်း၊ ပြန်ရောင်းလိုပါက ရောင်းချပေးမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုခဲ့၍ ကျွန်ုပ်အမှုသည်မှ ယုံကြည်စွာ ပါမစ်မူရင်း နှင့်စာချုပ်စာတမ်းမူရင်းများကို ပေးအပ်ခဲ့ပါသည်။ ၎င်းနောက် အဆိုပါပုဂ္ဂိုလ်မှ မြေချပါမစ်မူရင်းနှင့်စာချုပ်စာတမ်းများကို အလွဲသုံးစားပြုလုပ်နေကြောင်း စုံစမ်းသိရှိရပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်အား ကျွန်ုပ်အမှုသည်မှလွဲ၍ အခြားသူတစ်ဦးတစ်ယောက်က ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တဆင့်လွှဲပြောင်းခြင်းများ ဆောင်ရွက်ခြင်းမပြုရန်နှင့် ပြုလုပ်လာပါက ပြုလုပ်သူအပေါ်တွင် တာဝန်ကျရောက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၂)**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ ၀ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ် (ပ-၄၃၄၄)၊ဦးအောင်သိန်း (ဘ)ဦးစံ ၉/ပမန(နိုင်)၀၁၅၅၅၂ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခင်ခင်ဝင်း(ခ)အေးအေးဝင်း (ဘ)ဦးတန်ကင်းဝှမ် ၁၁/ကဖန(နိုင်)၀၃၉၅၉၈မှ မြေပေးမိန့်မူရင်း၊မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ ကွင်းအမှတ်၃၄/စုံခေါင်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၉၁)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ် (၇၇/၂၀၀၁-၂၀၀၂)အရ ဦးကြီးမြင့်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဦးကြီးမြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၄၀/၂၀၂၂)ဖြင့်ဦးသူရစိုး၊ ဦးသူဇာသန်းတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးသူရစိုး ၆/မမန(နိုင်)၁၅၁၄၈၉၊ ဒေါ်သူဇာသန်း ၆/မမန(နိုင်) ၁၄၁၄၆၆တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပန်းတောင်းမြို့နယ်တရားမရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

ဒေါ်ခင်နှောင်း **တရားလို** နှင့် ဒေါ်အေးအေးမော် ပါ-၃ **တရားပြိုင်များ**

ပန်းတောင်းမြို့၊ ကျားဘိုကျေးရွာနေဒေါ်အေးအေးမော်(ဘ)ဦးမြစိုး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အပ်စပါးရောင်းရငွေနှင့် စပါးရောင်းရငွေ (၃၂၅၀၀၀၀/-)ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက် (၁၃၈၄ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီလ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်လင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပန်းတောင်းမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်ကွက်၊ မြကွက်သစ်(၅)လမ်း၊ အမှတ် (၆၉၅)နေ (ဘ)ဦးလှငွေ၏သမီး ဒေါ်ခင်စန်းရွှေ ၁၄/ဟသတ(နိုင်)၀၀၅၄၁၆ ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် (ဘ)ဦးမြင့်သိန်း၏သား ဦးထွန်းထွန်းနိုင် ၁၂/မဂတ(နိုင်) ၀၇၂၄၄၃ တို့သည် အကြင်မယားများဖြစ်ကြပြီး သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ဦးထွန်းထွန်းနိုင်သည်လွန်ခဲ့သော(၃)လလောက်က၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ မိဘနှင့် ညီအစ်ကို မောင်နှမများ အမည်၊ ဖုန်းနံပါတ်များ အသုံးပြု၍ ချေးငွေများနှင့် ရွှေထည်ပစ္စည်းများ ချေးငှားယူခြင်း၊ ချေးငွေများတွင် အသုံးပြုနေခြင်းတို့သည် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်သဘောဆန္ဒအပါဘဲ ပြုလုပ်နေခြင်းဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေနှင့် မိသားစုအား ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်နေခြင်းဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေမှာ ကိုယ်စိတ်နှစ်ပါးဆင်းရဲရခြင်းဖြစ်သည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ၎င်း၏ခင်ပွန်းအား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်။

**ဒေါ်ခင်စန်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော် (ဥပဒေတွဲ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၅၅/၁၉၉၀)**
**အမှတ် (၄၆၄)၊ ဇီဇဝါလမ်း၊**
**သုံးပင်ကွင်းရပ်ကွက်၊ ဟင်္သာတမြို့**
**ဖုန်း-၀၉-၇၉၇၃၃၃၁၄၇**

## ဒုတိယဗိုလ်မှူးကြီး ကိုကိုလွင်(ငြိမ်း)
### ကြည်း-၂၈၁၇၁၊ D.S.A(38)
### အသက်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန်(၃)လမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက် (၁)၊ အခန်း ၃၀၂နေ ဦးကြည်စိုး-ဒေါ်ကြည်ကြည်မြင့်တို့၏ သားကြီး၊ ဦးလှငွေ-ဒေါ်ကြည်တို့၏သားသမက်၊ ဒေါ်စန်းစန်းလွင်(ခ) မချစ်စု၏ ချစ်လှစွာသောခင်ပွန်း၊ မစုစန္ဒာလွင်(ခ) ပြည့်ပြည့်နှင့် မမေသန္တာလွင်(ခ) ဖူးဖူးတို့၏ဖခင်၊ ဦးညီညီလွင်၊ မတေဇာလွင်တို့၏အစ်ကို၊ ဦးမြင့်ဝေ၊ ဒေါ်တင်တင်နွယ်၊ ဒေါ်တင်တင်ဋ္ဌေး၊ ဦးညွန့်ဝင်းတို့၏ ညီ/မောင် ဒုတိယဗိုလ်မှူးကြီးကိုကိုလွင်(ငြိမ်း)သည် ၁၆-၁-၂၀၂၃ ရက်(တနင်္လာနေ့) နံနက် ၃:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈) ရပ်ကွက်၊ စက်မှုဇုံ(၃)လမ်း၊ သစ္စာဥယျာဉ်အိမ်ရာနေ ဒေါ်စန်းစန်းလွင်(ခ)မချစ်စု၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ကိုကိုလွင်(ငြိမ်း) [ဒုတိယအထွေထွေ မန်နေဂျာ၊ အောင်မြင့်မိုရ်မင်း အာမခံကုမ္ပဏီလီမိတက်]၊ အသက် (၄၈) နှစ် သည် ၁၆-၁-၂၀၂၃ ရက်နေ့တွင် ကိုးဆယ့်ခြောက်ပါးသော ရောဂါဖြင့် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၃၈) သူငယ်ချင်းများ**

## ဦးမောင်ကျော်လှ(ခ)ဦးမောင်ဘု
### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### လက်ထောက်ဦးစီးမှူး
### အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ဗန္ဓုလရပ်ကွက်နေ (ဦးမောင်သာဇံ-ဒေါ်ငွေလှစိန်)တို့၏သားကြီး၊ ဒေါ်လှမေသိန်း၏ခင်ပွန်း၊ ဒေါ်ဒီမိုလှိုင်(ခ)နှင်းနွယ်စိုး-ဦးနေမျိုးဦးတို့၏ သားကြီး၊ ဦးကျော်မင်းခိုင်(ခ)မင်းခအောင်၊ ဒေါ်ထက်ထက်လှိုင်-ဦးရဲလင်းနိုင်၊ ခန့်မင်းဇော်(ခ)ထူးထူးချေတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးမောင်ကျော်လှ(ခ) ဦးမောင်ဘုသည် ၁၆-၁-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၆:၂၅နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သာကေတမြို့နယ်၊ နှင်းဆီလမ်း၊ စုပေါင်းအိမ်ရာ၊ အိမ်အမှတ်(64)၊ အခန်း(B2)နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဆန်းဆန်း
### အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၃၁၊ Golden Oak Condo (2)3-C နေ ဒေါ်ဆန်းဆန်း (Group Treasurer Max Myanmar Holding Co.,Ltd)သည် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်)၊ ၁၄-၁-၂၀၂၃ရက် (စနေနေ့) ည ၁၀:၄၀ နာရီတွင် ဝိတိုရိယ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Max Energy Co.,Ltd မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဆန်းဆန်း
### အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၃၁၊ Golden Oak Condo (2)3-C နေ ဒေါ်ဆန်းဆန်း (Group Treasurer Max Myanmar Holding Co.,Ltd)သည် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်)၊ ၁၄-၁-၂၀၂၃ရက် (စနေနေ့) ည ၁၀:၄၀ နာရီတွင် ဝိတိုရိယ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Max Construction Co.,Ltd မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဆန်းဆန်း
### အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၃၁၊ Golden Oak Condo (2)3-C နေ ဒေါ်ဆန်းဆန်း (Group Treasurer Max Myanmar Holding Co.,Ltd)သည် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ရက်)၊ ၁၄-၁-၂၀၂၃ရက် (စနေနေ့) ည ၁၀:၄၀နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော် (ဥက္ကဋ္ဌ)-ဒေါ်ဋ္ဌေးဋ္ဌေးခိုင်**
**Max Myanmar Holding Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဆန်းဆန်း
### အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၃၁၊ Golden Oak Condo (2)3-C နေ ဒေါ်ဆန်းဆန်း (Group Treasurer Max Myanmar Holding Co.,Ltd)သည် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်)၊ ၁၄-၁-၂၀၂၃ရက် (စနေနေ့) ည ၁၀:၄၀နာရီတွင် ဝိတိုရိယ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လူထုမိတ်ဆွေ ကုမ္ပဏီမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဆန်းဆန်း
### အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၃၁၊ Golden Oak Condo (2)3-C နေ ဒေါ်ဆန်းဆန်း (Group Treasurer Max Myanmar Holding Co.,Ltd)သည် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်)၊ ၁၄-၁-၂၀၂၃ရက် (စနေနေ့) ည ၁၀:၄၀နာရီတွင် ဝိတိုရိယ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဖွံ့ဖြိုးစေ ကုမ္ပဏီမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဆန်းဆန်း
### အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၃၁၊ Golden Oak Condo (2)3-C နေ ဒေါ်ဆန်းဆန်း (Group Treasurer Max Myanmar Holding Co.,Ltd)သည် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်)၊ ၁၄-၁-၂၀၂၃ရက် (စနေနေ့) ည ၁၀:၄၀ နာရီတွင် ဝိတိုရိယ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Max Logistic Co.,Ltd မိသားစုများ**

## ဦးဇော်ဦးလွင်
### 2nd Engineer (Myanmar Ocean Win Co.,Ltd)
### အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၈/က)နေ ဦးအောင်ကျော်ဦး-ဒေါ်ခင်လေးမြင့်တို့၏သားငယ်၊ ဦးဆန်းဦး-ဒေါ်ငြိမ်းငြိမ်းအေးတို့၏ သား သမက်၊ (ဦးမင်းဇော်ဦး)၊ ဒေါ်သူဇာဝင်း၊ ဒေါ်ကေရီမြင့်တို့၏ ညီ/မောင်၊ မသက်ဝေဖူး၊ မဇင်မီမီသော်တို့၏အစ်ကို၊ ဒေါ်အေမီဦး၏ ချစ်လှစွာသော ခင်ပွန်း ဦးဇော်ဦးလွင်သည် ၁၆-၁-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ တာမွေမြို့နယ် နေအိမ်နှင့် တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ ဇီဝစိုးလမ်း၊ အမှတ်(၂၁၅/၂)တို့ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်ချိုချိုမြင့်
### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၇၁၈/ခနေ တရားရုံးချုပ်ရှေ့နေ(ဦးမြမောင်-ဒေါ်စိန်တင်) တို့၏သမီး၊ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်စန်းစန်းမြင့်-ဦးတင်မောင်ညိမ်း (တရားရုံးချုပ်ရှေ့နေ)တို့၏ ညီမငယ်၊ ကိုကျော်ထွန်းအောင်-မသိင်္ဂီငြိမ်း(KBZ Bank Myanmar)၊ ကိုအောင်နိုင်ဝင်း-မစန္ဒာငြိမ်း၊ ကိုစိုးမောင်-မမဥ္ဇူငြိမ်း၊ ကိုညိမ်းအောင်ဟန်-မရှယ်လီဝင်းတို့၏ ချစ်လှစွာသော အဒေါ်၊ မြေးငါးယောက်တို့၏ ဖွားလေးသည် ၁၅-၁-၂၀၂၃ရက်(တနင်္ဂနွေနေ့) ည ၁၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၃ရက်(စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်လွှာ
### ဦးမောင်မောင်ရီ(B.Ag, 1974)
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ စီမံကိန်းဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
### အသက်(၇၁)နှစ်

၁၀-၁-၂၀၂၃ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားခဲ့သော ဦးမောင်မောင်ရီ၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများ၊ JICA အဖွဲ့အစည်းမှ ဝန်ထမ်းများ၊ FAO အဖွဲ့အစည်းမှ ဝန်ထမ်းများ၊ ကွယ်လွန်သည့်အချိန်မှစ၍ ရက်လည်ဆွမ်းကျွေးပြီးစီးသည့်တိုင်အောင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသူများ၊ ဝမ်းနည်းကြောင်း သတင်းမေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးစိုးနိုင်(စာရေးဆရာလှမိုးနိုင်)
### (အင်းစိန်မြို့နယ်၊ စာရေးဆရာအသင်း၊ ဥက္ကဋ္ဌ)(သူသူနိုင်စာပုံနှိပ်တိုက်)
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အင်းစိန်စာပုံနှိပ်စက်နေ (ဦးဝင်းနိုင်-ဒေါ်မြသန်းနိုင်)တို့၏သားကြီး၊ အင်းစိန်မြို့နယ်၊ သီရိလမ်းနေ (ဦးမြင့်မောင်-ဒေါ်ကျင်မွေး)တို့၏သားသမက်၊ (ဒေါ်ခင်မာချို(ခ)မချို)၏ခင်ပွန်း၊ တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်၊ ဦးနိုင်ဝင်း-ဒေါ်ခင်မြမြနိုင်၊ ဦးအောင်နီဦး-ဒေါ်ခင်မြထွေးနိုင်တို့၏အစ်ကို၊ ဦးတင်ထွန်းအောင်-ဒေါ်စိုးသူသူနိုင်၊ ဦးစိုးထွန်းထွန်းနိုင်-ဒေါ်အေးသန္တာဝင်း၊ ဦးစောမြအောင်-ဒေါ်စိုးသူဇာနိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၁၅-၁-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၀၀:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉၇)နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးဝင်းကျော်
### တေဇ(၂၂)
### အသက်(၄၉)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ ဒေါ်မိုးသီတာ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ဟိန်းထူးဇော်(DSMA-၂၃)၊ မောင်ဝင်းမိုးအောင်၊ မအောင်ကြင်းမွှေးတို့၏ဖခင် အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၂)မှ သူငယ်ချင်း ဒုတိယ ဗိုလ်မှူးကြီးဝင်းကျော် သည် ၁၆-၁-၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

## သွေးသည်အသက်

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမြို့နယ်၊ ကွန်ဟောင်းကျေးရွာနေ ဦးကျဖူး၏သမီး မဖြူဖြူဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ (၂၄-၁၁-၁၉၉၁)ဖြစ်ပါကြောင်း။

## ဦးကျော်ကျော်မြင့်(ခ)ကိုရဲဇော်
### (ဌာနစုမှူး၊ရာပြတ်ဌာန)
### ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
### အသက်(၅၆)နှစ်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်(၈)လမ်း၊(A)တိုက်၊ တိုက် (၁)၊ အခန်း ၂၀၁ နေ (ဦးမောင်မောင်မြင့်-ဒေါ်မြမြနွဲ့)တို့၏ တတိယသား၊ ဝါးခယ်မမြို့နယ်၊ ညီနောင်ကျေးရွာနေ(ဦးရွှေညွန့်-ဒေါ်ခင်ဆွေ)တို့၏သားသမက်၊ ဒေါ်လတ်လတ်မြင့်၏မောင်၊ ဦးဇော်ဇော်မြင့်-ဒေါ်မြသန်းတင့်(မို့မို့)တို့၏ညီ၊ ဦးအောင်နိုင်မြင့်-ဒေါ်သီတာညွန့်တို့၏ အစ်ကို၊ ဦးဇော်ဦး-ဒေါ်မီညိုတုတ်၊ဦးလမင်း-ဒေါ်ခင်မိုးစန်း၊ ဦးရဲဝင်းကို-ဒေါ်ဖြူနှင်းဝေ၊ မစန္ဒာလှိုင်၊ မစိုးစန္ဒာဝင်းတို့၏ အစ်ကို၊ မောင်ဝေယံဖုန်းဇော်-မဖူးအိအိဇော်၊ မောင်စိုးစံ-မစိုးသဥ္ဇာအောင်၊ မပိုင်းသက်ထားအောင်၊ မောင်ရဲရင့်အောင်-မဇွန်မြတ်နိုးဇော်တို့၏ ဦးလေး၊ မောင်သုတအောင်၊ မောင်အောင်ကောင်းပြည့်တို့၏ အဘိုးလေး၊ ဒေါ်အေးအေးပြုံး၏ခင်ပွန်း၊ မောင်ဂုဏ်ရှိန်ခန့်၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၃-၁-၂၀၂၃ရက်(သောကြာနေ့) ည၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ အထက(ခွဲ) ထန်းကုန်း Grade-9 မှ မအိရွှေစင်ဖြိုး၏ ဖခင် အမည်မှန်မှာ ဦးသန်းနိုင်ဦး ၇/ရတန(နိုင်) ၀၈၈၃၃၁ဖြစ်ပါကြောင်း။ **ဦးသန်းနိုင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၇၄၃၄၇ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## မူးယစ်ကိုပစ် ပန်းတိုင်သစ်
## စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

❖ **မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိကစားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံတစ်ခုလည်းဖြစ်...**

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိ...**

❖ **ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ကောင်းများ ရစေနိုင်သည့် (Quick Win) အစီအစဉ် တစ်ခုလည်းဖြစ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်း ချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူနိုင်မည့် ဘွဲ့ခံပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင် မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်း ပေးလျက်ရှိသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာ ယနေ့တွင် *စာမျက်နှာ ၁၁ ကော်လံ ၁* ✪

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း အလင်္ကာကျော်စွာဘွဲ့ရရှိသူ တေးဂီတပညာရှင် ရွှေတိုင်ညွန့် ကိုယ်စား သမီးဖြစ်သူ ဒေါ်ထား အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



---

# ရီးရဲမက်ဒရစ်အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ဘာစီလိုနာအသင်း စပိန်စူပါဖလားအား ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ဆွတ်ခူး




စပိန်စူပါဖလားနှင့်အတူ အောင်ပွဲခံနေသည့် ဘာစီလိုနာအသင်းသားများ။

စပိန်စူပါဖလားဗိုလ်လုပွဲစဉ်တွင် ဘာစီလိုနာက ရီးရဲမက်ဒရစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ၂၀၁၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည် ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါ ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁ နာရီခွဲက ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ King Fahd အားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၁၈ ကော်လံ ၅* ○

---

**ယနေ့** သတင်းအညွှန်း

**နီပေါ ပျက်ကျခရီးသည်တင်လေယာဉ်၏ ဘလက်ဘောက်စ်ကို ရှာဖွေတွေ့ရှိပြီဟုဆို**
နိုင်ငံတကာသတင်း စာ ၁၅

**AFF Cup ပြိုင်ပွဲတွင် ထိုင်းအသင်း ခုနစ်ကြိမ်မြောက် ဗိုလ်စွဲ**
ပြည်တွင်းသတင်း စာ ၁၈

**အဏ္ဏဝါဂေဟစနစ် ရေရှည်တည်တံ့ရေး သန္တာကျောက်တန်းများအား ထိန်းသိမ်းကာကွယ်**
ဇီဝစုံလင် စာ ၂၁